


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၈-၇-၆၂ ရက်နေ့၊ ရန်ကုန်မြို့ ၌

ဟောကြားဆုံးမတော်မူသော

# ဒီသုံးဉာဏ်အရေးကြီးတယ်

## (သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်)

၂၉၉

၈-၇-၆၂ ရက်နေ့၊ ရန်ကုန်မြို့၌

ကျေးဇူးတော်ရှင်

## အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

# ဒီသုံးဉာဏ်အရေးကြီးတယ်

(သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်)

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အုပ်ရေ | - | ၁၀၀၀ |
| ခုနှစ် | - | ၂၀၁၂ ခုနှစ် |
| တန်ဖိုး | - | ကျပ် |
| အဖုံးပုံနှိပ်ခြင်း | - | သန်းထိုက်ရတနာအော့ဖ်ဆက် |
| ထုတ်ဝေသူ | - | ဦးအောင်နိုင်(မြဲ-၀၄၃၇၅) မိုးကုတ်ဝိပဿနာနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှတ်(၈၂)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | ဦးဝင်းအောင် (မြဲ-၀၅၁၃၅) သန်းထိုက်ရတနာပုံနှိပ်တိုက် ၈၄/၈၆၊ လမ်း ၅၀ (အလယ်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |



**ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏**
**မူပိုင်ဖြစ်သည်မည်သူမျှကူးယူထုတ်ဝေခြင်းမပြုရ။**



CIP 294.3

မိုးကုတ်ဆရာတော်ဘုရားကြီး

ဒီသုံးဉာဏ်အရေးကြီးတယ်တရားတော်၊ ရန်ကုန်။
မိုးကုတ်ဝိပဿနာကျင့်စဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအသင်း
(၂၀၁၂)
စာ - ၅၆၊ ၈.၆၄ × ၁၃.၇၂ စင်တီ
(၁) ဒီသုံးဉာဏ်အရေးကြီးတယ်တရားတော်

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ

၈-၇-၆၂ ရက်နေ့ (ည)

အမရပူရမြို့ မဂ်လာတိုက်ဟောင်း

ကျေးရှုးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့၌ ဟောကြားဆုံးမတော်မူသော

# ဒီသုံးဉာဏ်အရေးကြီးတယ်

## (သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်)

အားလုံး ဒကာ၊ ဒကာမတွေ ... (ဘုရား) ဒီနေ့ ဟောမည့် တရားသည် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်သုံးချက်ကို ဟောလိမ့်မယ်လို့ မှတ်ထားကြစမ်းပါ ... (မှန်ပါ့ ဘုရား) သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် သုံးချက်ကို ဟောမယ်။ ဒီနေ့ ဘာဟောမှာ ပါလိမ့် ... (သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် သုံးချက်ကို ဟောပါလိမ့်မယ်)သုံးချက်ကို ဟောလိမ့်မယ်လို့ ဒကာ၊ ဒကာမတွေ

၂. မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်တရား

သေသေချာချာမှတ်ပါ ... (မှန်ပါ့ဘုရား)၊ ဒီသုံးချက်မပါသရွေ့ ကာလပတ်လုံး ဘယ်သူနိဗ္ဗာန် ရောက်ပါတယ်ဆိုတာ ယုံတမ်းပြောတာလို့ မှတ်ပါ။ မယုံကြပါနဲ့ဆိုတာ သတိပေးလိုက်ပါတယ်။ ယုံတမ်းပြောတာလို့ မှတ်ပါ။ သစ္စဉာဏ်လည်း မပါဘဲနဲ့ နိဗ္ဗာန် ရောက်တယ်ဆိုရင် ယုံတမ်းပြောတာ ...(မှန်ပါ့) ကိစ္စဉာဏ်မပါဘဲနဲ့ နိဗ္ဗာန်ရောက်တယ်ပြောရင် ... (ယုံတမ်းပြောတာပါဘုရား) ကတဉာဏ်မပါဘဲနဲ့ နိဗ္ဗာန်ရောက်တယ်ဆိုလို့ ပြောတာရော ... (ယုံတမ်းပြောတာပါဘုရား)။

# နိဗ္ဗာန်ရောက်တရား

ဒါဖြင့် နိဗ္ဗာန်ရောက်တရားသည် သစ္စာမှ ရောက်တယ်လို့ ဆုံးဖြတ်ချက်ချ ... (မှန်လှပါဘုရား) နိဗ္ဗာန်ရောက် တရားသည် ... (သစ္စာမှရောက်ပါတယ်) သစ္စာမှရောက်ပါတယ်လို့ ဆုံးဖြတ်ချက်ချပါ။ မောင်ထွန်းရင် ဘယ်သူမှ ရောက်သလဲ ... (သစ္စာမှ ရောက်ပါတယ်) သစ္စာမှ ရောက်တယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ ... (မှန်ပါ့)။

# သစ္စဉာဏ်

သစ္စာမသိလို့ ရှိရင်ဖြင့် ဘယ်နည်းနဲ့မှ မရောက်ဘူးဆိုတာ ကေန်ဆုံးဖြတ်ချက်ချပါ ... (မှန်ပါ့) မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက တရားဦးဟောတဲ့အခါကျတော့ ပဥ္စဝဂ္ဂီငါးဦးကို

ဟောပါတယ် ... (မှန်ပါ့) အဲဒီပဥ္စဝဂ္ဂီငါးဦးဟောတဲ့ အခါကျတော့ ပထမဦးစွာ ဘာမှမဟောဘဲနဲ့ သစ္စာသိအောင် ဟောလိုက်ပါတယ် ... (မှန်ပါ့) အဲဒါ သစ္စဉာဏ်လို့ မှတ်ပါ။ နောက်ဆို ဝေဖန်လာပါလိမ့်မယ်။

## ကိစ္စဉာဏ်

နောက်ကျတော့ ဒီသစ္စာမှာ ဘာကိစ္စရှိသလဲဆိုတဲ့ဥစ္စာ၊ ကိစ္စကို ဆက်ဟောပါလိမ့်မယ်။ အဲဒီဉာဏ်က ကိစ္စဉာဏ်လို့ မှတ်လိုက်စမ်းပါ ... (မှန်ပါ့)။

## ကတဉာဏ်

အဲဒီကိစ္စဉာဏ်ဆုံးတဲ့အခါကျတော့ ကိုယ့်ဟာကိုယ် ဆုံးပြီလို့ သိတဲ့ဉာဏ်သည် ကတဉာဏ်လို့ အကျဉ်းချုပ်ကလေး မှတ်ထားစမ်းပါ ... (မှန်ပါ့)။

သစ္စာဉာဏ်သိရင် သစ္စဉာဏ် ... (မှန်ပါ့)။

ထိုသစ္စာ၏ ကိစ္စသိရင် ... (ကိစ္စဉာဏ်)။

ကိုယ့်ကိစ္စကိုယ်ပြီးတာသိတဲ့ဉာဏ်ကို ဘာဉာဏ်ဆိုကြမလဲ ... (ကတဉာဏ်ခေါ်ပါတယ် ဘုရား)။

## ဒီသုံးဉာဏ်အရေးကြီးတယ်

ဒါဖြင့် ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို ရောက်ချင်လို့ရှိရင်ဖြင့် ဒီသုံးဉာဏ် အရေးကြီးဆုံးလို့မှတ်ပါ ... (မှန်ပါ့ဘုရား) ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်ချင်ရင် ဘယ်ဟာ အရေးကြီးပါလိမ့် ... (ဒီသုံးဉာဏ်အရေးကြီးပါတယ် ဘုရား)။

သုံးဉာဏ်အရေးကြီးတယ်ဆိုတာ ဆရာသမားလာတုန်း ဒီက ဒကာ၊ ဒကာမတွေ ဝေးလည်းဝေးနေကြတော့ ကွဲနေတာလည်း ကြာတော့ မသိကြတော့ဘူး။ ဩော် ... အရေးကြီးတာ ဒီသုံးချက်ပါလားလို့သာ မှတ်လိုက်ပါတော့ ... (မှန်ပါ့ဘုရား) အရေးကြီးတာက ဘယ်နှချက်ပါလိမ့် ... (သုံးချက်ပါဘုရား) သုံးချက်မှတ်ပါ ဆိုတာ သတိပေးလိုက်တယ်နော်။

အားလုံး ဒကာ၊ ဒကာမတွေ နောက်က ဒကာ၊ ဒကာမတွေပါ အဖြေပေးရမယ်။ ဒီနေ့ဉာဏ်ဘယ်နှချက် ဟောမှာပါလိမ့် ... (သုံးချက်ဟောမှာပါဘုရား)။ သုံးချက်ဟောလိမ့်မယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ကြစမ်းပါ။ ကောင်းပြီ ... ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီကနည်းပြထားတော့ သစ္စဉာဏ်ဟောမယ်ဆိုတာ ဒီပဋိစ္စသမုပ္ပါဒ်ပဲပြရမယ်။ ကိစ္စဉာဏ်ဟောမယ်ဆိုလည်း ပဋိစ္စသမုပ္ပါဒ်ပဲပြမှာပဲ။ ကတဉာဏ်ဟောလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ပြည့်ဖုံးချရမယ်။

သစ္စဉာဏ်ဟောရင် ဘာပြရမယ် ... (ပဋိစ္စသမုပ္ပါဒ်ပြရပါမယ်) ပဋိစ္စသမုပ္ပါဒ်ပဲပြရမယ် ... (မှန်ပါ့) ကိစ္စဉာဏ်ဟောပြန်တော့

ရော ... (ပဋိစ္စသမုပ္ပာဒ်ပဲပြရပါမယ်) သစ္စဉာဏ်၊ ကိစ္စဉာဏ် ဟောလို့ ရှိရင်လည်း ဒကာ၊ ဒကာမတွေ မှတ်လိုက်ပါ။ ပဋိစ္စသမုပ္ပာဒ်ထဲမှာပဲ ပြရမှာပဲ။ ကတဉာဏ်ဟောတဲ့အခါကျတော့ ပဋိစ္စသမုပ္ပာဒ်ပြည်ဖုံး ချရမယ်။ ပဋိစ္စသမုပ္ပာဒ်ပြတ်သွားပြီ။

ဒကာ၊ ဒကာမတို့နောက်က ဒကာ၊ ဒကာမတွေအသံချဲ့ စက်နဲ့ ကြားရရဲ့လားလို့ မေးလိုက်ပါတယ် ... (ကြားရပါတယ် ဘုရား) အေး ကြားရရင်တော့ ကျေနပ်ပါပြီ။ မကြားရ သိပ်စိုးရိမ်ပါ တယ်။ ပင်ပန်းပြီး မကြားရင် အလကားပါပဲ။ အရေးကြီးတဲ့အချက်ကို ရက်တိုတိုနဲ့ ဒကာ၊ ဒကာမတွေလုပ်လည်းလုပ် ရစ်ကြပါဆိုတာ မှာတယ်။ ခင်ဗျားတို့ ဒုက္ခတွေသည်ကားလို့ ဆိုလို့ရှိရင် ပြောမဆုံး အောင်ပဲ ဒုက္ခကြီးပါတယ်။ အဲဒါကြောင့် ဉာဏ်သုံးဉာဏ်ကို သေသေ ချာချာဟောလိမ့်မယ်လို့ ဒကာ၊ ဒကာမတွေ မှတ်ပါလို့ သတိပေး လိုက်ပါတယ်။ ကိုင်း ... အားလုံး ဒကာ၊ ဒကာမတွေ ပဋိစ္စသမုပ္ပာဒ် ကိုတော့ အဝေးကလည်း နေကြည့်ပါ။ စာရွက်နဲ့ အဲဒီနားမှာ ကြည့်နိုင်လည်းကြည့်ကြပါ။ စာရွက်တွေဝေထားတာလည်း ရှိပါတယ် နော်။

## သစ္စာမသိတာ အဝိဇ္ဇာ

ဒီ ဒကာ၊ ဒကာမတွေ ဘယ်ကများ လာကြပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့်တဲ့ ဒီမှာကြည့်ပါ။ မသိတဲ့အဝိဇ္ဇာက လာခဲ့တယ်။

ဒကာ၊ ဒကာမတွေ ဘယ်ကလာခဲ့ကြသတုန်း ... (မသိတဲ့ အဝိဇ္ဇာက လာပါတယ်ဘုရား) ဘာကိုမသိတာတုန်းလို့ မေးတဲ့အခါကျမှတဲ့ သစ္စာမသိတာ အဝိဇ္ဇာ။

ဒကာ၊ ဒကာမတွေ သစ္စာမသိတာ ... (အဝိဇ္ဇာပါ ဘုရား) သေသေချာချာမှတ်ပါ။ သေသေချာချာမှတ်ပါ။ သစ္စာမသိတာ ... (အဝိဇ္ဇာပါဘုရား) ကောင်းပြီ၊ သစ္စာမသိတာ အဝိဇ္ဇာလို့ ဒီ ဒကာ၊ ဒကာမတွေက မှတ်ထားတော့ ဪ ... သစ္စာမသိတာ အဝိဇ္ဇာ ပဲဆိုတော့ဖြင့် မျက်လုံးထဲမှာ ဒကာ၊ ဒကာမတို့ တိမ်သလာဖုံးနေတာ အဝိဇ္ဇာလို့သာ မှတ်လိုက်ပါတော့။

## အဝိဇ္ဇာဆိုတာ

ဘာဖြစ်လို့ တိမ်သလာဖုံးနေသတုန်းဆိုတော့ အဝိဇ္ဇာဆိုတာ မှန်တာကို မသိ။ မမှန်တာကို သိတာ ဘာခေါ်ကြမလဲ ... (အဝိဇ္ဇာပါ ဘုရား)။ မှန်တာကို မသိ၊ မမှန်တာကိုသိတာ ဘာခေါ်ကြမလဲ (အဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာ၊ ဪ ... ဒါကြောင့် သစ္စာသိရင် နိဗ္ဗာန်ဝင်ပါလိမ့်မယ်ဆိုတော့ ခင်ဗျားတို့ ရှေးဘဝက သစ္စာမသိတဲ့ အဝိဇ္ဇာနှင့် နေခဲ့ကြတယ်။ ဒါကြောင့် အတိတ်အကြောင်းလို့ မှတ်လိုက်စမ်းပါ။ (မှန်ပါ့)။

စာမှာ ဘယ့်နှယ်ပါတာတုန်း ... (အတိတ်အကြောင်းပါ ဘုရား) အတိတ်အကြောင်းလို့ ပါကြပါတယ်။ အဲဒီ အတိတ်

အကြောင်းလို့ ပါပြီးသကာလနေတော့ သြော် ... ငါတို့ အတိတ်ဘဝက လူကောင်း၊ နတ်ကောင်း၊ ဗြဟ္မာကောင်း ဖြစ်ခဲ့လေရော့သလား။ အဝိဇ္ဇာနှင့် နေခဲ့လေရောလားဆိုတာကို အဖြေပေးကြစမ်းပါဆိုရင် ဘယ့်နယ်ဖြေကြမှာလဲ ... (အဝိဇ္ဇာနဲ့ နေခဲ့တာပါဘုရား) အဝိဇ္ဇာနဲ့ နေခဲ့ရတယ်ဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

အဝိဇ္ဇာဆိုတာ သစ္စာမသိတာ အဝိဇ္ဇာ ... (မှန်ပါ့ဘုရား) အဝိဇ္ဇာဆိုတာ ... (သစ္စာမသိတာ အဝိဇ္ဇာပါဘုရား) သစ္စာမသိတာ အဝိဇ္ဇာ၊ ဒါဖြင့် သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့တော့ ပါဠိတော်ကို ရွတ်နေရင် ဒကာ၊ ဒကာမတွေ ဘုန်းကြီးပင်ပန်းရုံမှတစ်ပါး အမြတ်မထွက်ပါဘူး။ ဒါကြောင့် ပါဠိတော်မရွတ်ဘူး။ ပါဠိတော်၏ သဘောကို ပြောနေတယ်လို့ မှတ်ရမယ် ... (မှန်ပါ့)။

ဒကာ၊ ဒကာမတွေ ဘာပြောနေတာတုန်း ... (ပါဠိတော်၏ သဘောကိုပြောနေပါတယ်) ခင်ဗျားတို့ နားလည်မှုပါဠိတော်၏ သဘောကို ပြောနေတယ်လို့ မှတ်လိုက်စမ်းပါ။ ... (မှန်ပါ့ဘုရား) ကောင်းပြီ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒါဘယ်ဘဝပါလိမ့်လို့ ထောက်၊ ဒကာ၊ ဒကာမတွေ ကြည့်ကြစမ်းပါ။ ဘယ်ဘဝပါလိမ့် ... (အတိတ်ဘဝပါဘုရား။

## နိဗ္ဗာန်မရောက်တဲ့ကုသိုလ်

အတိတ်ဘဝက ခင်ဗျားတို့ ဘာမသိခဲ့သလဲ ... (သစ္စာမသိခဲ့ပါဘုရား) သြော် ... ဒကာ၊ ဒကာမတို့ အတိတ်ဘဝက

သစ္စာမသိခဲ့တာ အတိတ်ဘဝက ဘာမသိခဲ့တာပါလိမ့် ... (သစ္စာမသိခဲ့တာပါဘုရား) သစ္စာမသိခဲ့ဘူးဆိုတာ သဘောကျပလား ... (ကျပါတယ်ဘုရား) သစ္စာမသိတော့ ဒကာ၊ ဒကာမတွေ မှတ်လိုက်စမ်းပါ။ သစ္စာမသိတဲ့ ပုဂ္ဂိုလ်ဟာတဲ့ နိဗ္ဗာန်မရောက်တဲ့ ကုသိုလ်ကိုလည်း ပြုပါတယ် ... (မှန်ပါ့)။

ဒကာ၊ ဒကာမတို့ သစ္စာမသိတော့ ဘာတဲ့ ... (နိဗ္ဗာန်မရောက်တဲ့ကုသိုလ်ကို ပြုပါတယ်) နိဗ္ဗာန်မရောက်တဲ့ ကုသိုလ်ကို ပြုတယ်။ သစ္စာမသိရှာဘူး ... (မှန်ပါ့ဘုရား) သစ္စာမသိတော့ ဘယ်ကုသိုလ်တွေများ လုပ်လာကြပါလိမ့် ... (နိဗ္ဗာန်မရောက်တဲ့ကုသိုလ်ပါ) ဩော် ... ဒကာ၊ ဒကာမတွေကုသိုလ်ဆိုရင် နိဗ္ဗာန်ချည်းရောက်တယ် အောက်မေ့နေတယ်။ ကုသိုလ်ကြောင့် ဒုက္ခရောက်တာ မသိသေးဘူး။ ရှေ့ပေါ်လာလိမ့်မယ် ... (မှန်ပါ့) ရှေ့ပေါ်လာပါလိမ့်မယ်ဆိုတာ ဒကာ ဒကာမတွေ လေးစားစွာဖြင့် မှတ်ပါ ... (မှန်ပါ့)။ ကုသိုလ်တိုင်း နိဗ္ဗာန်ရောက်သလားလို့မေးတော့ သစ္စာမသိဘဲနဲ့ လုပ်တဲ့ကုသိုလ်ဟာ နိဗ္ဗာန်မရောက်ဘူး။ နောက်က ဒကာ၊ ဒကာမတွေ သစ္စာမသိဘဲနဲ့လုပ်တဲ့ ကုသိုလ်ဟာဘာတဲ့ ... (နိဗ္ဗာန်မရောက်ပါ) နိဗ္ဗာန်မရောက်ဘူး ... (မှန်ပါ့)။

ဒါကို ဆရာသမားရှင်းရှင်းပြောနေတယ်လို့ မှတ်ပါ။ ကုသိုလ်ဆိုတာ ကောင်းတာချည်းပဲလို့ ခင်ဗျားတို့ ယူထားလို့ရှိရင် လွဲပါလိမ့်မယ် ... (မှန်ပါ့ဘုရား)။ ကုသိုလ်ဆိုရင် ကောင်းတာချည်းပဲ

လို့ ယူထားကြပါတယ်။ ဒကာ၊ ဒကာမတွေ မယူဘူးလား ... (ယူပါတယ်ဘုရား)။ သေသေချာချာလွဲတယ်၊ ကုသိုလ်ကောင်းရင် ဒုက္ခမဖြစ်ရဘူး ... (မှန်ပါ့)။

ကောင်းတဲ့ကုသိုလ်ဖြစ်ခဲ့သော် ဒုက္ခမဖြစ်ရဘူး။ မကောင်းတဲ့ ကုသိုလ်ဖြစ်ခဲ့သော် ... (ဒုက္ခဖြစ်ရပါတယ်)၊ ကိုင်း ... ဒါဖြင့် ဒီထဲမှာ ကုသိုလ်ပြုပါတယ်တဲ့။ မသိတဲ့ပုဂ္ဂိုလ် ကုသိုလ်ပြုပါတယ်။ မသိတာ အဝိဇ္ဇာ၊ ကုသိုလ်ပြုတာ သင်္ခါရ ... (မှန်ပါ့) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား) မသိတာက ... (အဝိဇ္ဇာပါ) ကုသိုလ်ပြုတာက ... (သင်္ခါရပါဘုရား)၊ သင်္ခါရဆိုတာ ကျေနပ်ပလား ... (ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့ ပုဂ္ဂိုလ်ပြုလုပ်တဲ့ ကုသိုလ်ဟာတဲ့ သေသည့်အခြားမဲ့၌ ဒကာ၊ ဒကာမတို့ မသေခင်ဘဲ ဒကာ၊ ဒကာမတွေ ရှင်းအောင်ပြပါတယ်။ မသေခင် သူဘာသစ္စာလုပ် သတုန်းမေးတော့ ဒီကြည့် ...(သမုဒယသစ္စာပါ ဘုရား) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား) ဘာသစ္စာ လုပ်ထားကြသလဲ ... (သမုဒယသစ္စာပါ) ဘယ်နိဗ္ဗာန်ရောက်မလဲ။

ဒါ သူများပြောတာလား။ ခင်ဗျားတို့ ကိုယ်တိုင်လားစဉ်းစားကြည့်ပါ။ အမြင်ပြောတာလား ... (အမြင်ပြောနေတာပါ ဘုရား) ဘုန်းကြီးရေးထားတာလား၊ ဘုရားဟောထားတာလား ... (ဘုရားဟောထားတာပါ ဘုရား) မသိတာက ... (အဝိဇ္ဇာပါ) ကုသိုလ်ပြု

တာက ... (သင်္ခါရပါ) ဘာသစ္စာလုပ်သတုန်း ... (သမုဒယသစ္စာပါ) ဟာ ... သမုဒယသစ္စာဖြင့် နိဗ္ဗာန်အကျိုးမပေးပါဘူး။ သမုဒယသစ္စာ ဟာ နိဗ္ဗာန်မပို့နိုင်ဘူး။ ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

ဒါနဲ့ ထောက်မှပေါ်လာတယ်။ ဒကာ၊ ဒကာမတွေဒါနဲ့ ကြည့်၊ ဒကာ၊ ဒကာမတွေ ဒါကြည့်မှ ပေါ်တယ် ... (မှန်ပါ့) ဒီတစ်ခန်းလုံးမှာ သမုဒယသစ္စာကိုး၊ နံပါတ်တစ်အခန်းတွင်းမှာ ရှိတာ ဟူ၍ သမုဒယသစ္စာ ... (မှန်ပါ့)ဒကာ၊ ဒကာမတွေ ပေါ်ပြီလား ... (ပေါ်ပါပြီ) မပေါ်ကြသေးဘူးလား ... (ပေါ်ပါတယ်) ဒါဖြင့် ဒီကုသိုလ်ဟာ ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါ ဘုရား) ဒါဖြင့် သမုဒယသစ္စာဖြင့် ဒုက္ခသစ္စာပဲ ပေးရမယ်။ နိရောဓသစ္စာ မပေးနိုင်ဘူး ... (မှန်ပါ့ဘုရား) ရှင်းကြရဲ့လား ... (ရှင်းပါတယ် ဘုရား)။

## ခန္ဓာဖြစ်စဉ်

အေး ... ဦးသူတော်ကြီးတို့ ...(ဘုရား) ကြားထဲမှာ ငုံ့မနေနဲ့ ရှင်းပလား ... (ရှင်းပါပြီဘုရား) သမုဒယသစ္စာလုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဘာသစ္စာသာ ရ,ရမလဲ ... (ဒုက္ခသစ္စာပါဘုရား)ဟုတ်မှ ဟုတ်ရဲ့လားလို့ မေးမနေပါနဲ့။ ဒါ ဘုရားဟောတဲ့ အစဉ်လို့လည်း မယူနဲ့။ ခန္ဓာဖြစ်စဉ်လို့ ယူလိုက်ပါ ... (မှန်ပါ့ဘုရား) ဘုရားဟော လား။ ခန္ဓာဖြစ်စဉ်လား ... (ခန္ဓာဖြစ်စဉ်ပါဘုရား) ခန္ဓာဖြစ်စဉ် ဖြစ်ရင်ဖြင့် ခန္ဓာလောက်မှန်တာ ရှိသေးရဲ့လား ... (မရှိပါဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ မသိတဲ့ပုဂ္ဂိုလ် ကုသိုလ်ပြုတာသည် သမုဒယသစ္စာလုပ်တာ ... (မှန်ပါ့) ဒီနေ့ အထူးပြောပါတယ် ... (မှန်ပါ့) မသိတဲ့ပုဂ္ဂိုလ် ကုသိုလ်လုပ်တာသည် ... (သမုဒယသစ္စာဖြစ်တယ်)ထောက်ကြည့်၊ ဒီမှာ ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါဘုရား)။ သမုဒယသစ္စာ နိဗ္ဗာန်ရောက်ပါ့မလား ... (မရောက်ပါ ဘုရား)။ မရောက်ဘူး။ အားလုံး ကျေနပ်ကြရဲ့လား ... (ကျေနပ်ပါတယ်)။

မကျေနပ်လို့ရှိရင် ဘယ်အချိန်မဆို မေးနိုင်ပါတယ်။ မကျေနပ်လို့ရှိရင် မေးနိုင်တာချည်းပဲ။ ဘာကြောင့်တုန်းလို့ ပြောတဲ့ အခါကျတော့ မကျေမနပ်နဲ့ နေရလို့ရှိရင် ခင်ဗျားတို့မှာ ဝိစိကိစ္ဆာရှိပါလိမ့်မယ်။ ... (မှန်ပါ့ဘုရား) ဝိစိကိစ္ဆာရှိရင်၊ ခင်ဗျား ဝိစိကိစ္ဆာက ခင်ဗျားတို့ကို အပါယ်ချပါလိမ့်မယ် ... (မှန်ပါ့)။

ဘုန်းကြီးက သတ်ပေးပါ့မယ်။ မကျေနပ်တာကို မေးပါ။ မေးတဲ့အခါကျတော့ ဘုန်းကြီးက အဲဒီ ခင်ဗျားတို့ သံသယကို သတ်ပေးမယ်။ သတ်ပေးတော့ ခင်ဗျားတို့ ဝိစိကိစ္ဆာကြောင့် သံသယကြောင့် အပါယ်ကျသေးရဲ့လား ... (မကျပါဘုရား) ရှင်းကြပလား ... (ရှင်းပါပြီ) ဒါဖြင့် မသိတာ ဘာပါလိမ့် ... (အဝိဇ္ဇာပါ) ပြုလုပ်တာက ... (သင်္ခါရပါဘုရား)။

ဒီထဲ ကုသိုလ်သင်္ခါရလည်း ပါတယ်။ အကုသိုလ်သင်္ခါရလည်း ပါတယ် ... (မှန်ပါ့)။ သို့သော် အကုသိုလ်သင်္ခါရတော့ ဘုန်းကြီးအထူးပြောဖို့ မလိုဘူး။ ဒုက္ခသစ္စာလာလိမ့်မယ်၊ ကုသိုလ်

သခါရကိုက ဒုက္ခသစ္စာလာပါသေးတယ် ... (မှန်ပါ့)ရှင်းပလား ... (ရှင်းပါပြီ) ကောင်းပြီ။ ဒါဖြင့် အတိတ်ဘဝက ခင်ဗျားတို့ ဘာသစ္စာ ကြိုးစားခဲ့ကြသလဲ ... (သမုဒယသစ္စာ ကြိုးစားခဲ့ပါတယ်ဘုရား)။

သမုဒယသစ္စာ ကြိုးစားခဲ့တယ် ... (မှန်ပါ့) ဟုတ်မှ ဟုတ်ရဲ့လားလို့မေးပြီး မနေပါနဲ့။ ရှေးဘဝက သစ္စာသိရင် ရှေးဘဝက သောတာပန်ဖြစ်ပြီ ... (မှန်ပါ့ဘုရား) ဟုတ်ပြီလား ... (ဟုတ်ပါတယ်) ဒီသခါရရော လုပ်ပါဦးမလား ... (မလုပ်ပါဘုရား) မလုပ်တော့ဘူး ... (မှန်ပါ့) ဒါဖြင့် နောက်ဘဝကလည်း ခင်ဗျားတို့ စုံလုံးကန်း ... (မှန်ပါ့) သစ္စာမသိတဲ့ အဝိဇ္ဇာအုပ်ချုပ်နေတော့ ဘယ့်နှယ်ဆိုမလဲ ... (စုံလုံးကန်းပါဘုရား)။

စုံလုံးကန်းလမ်းသွားတာတဲ့ ဒကာ၊ ဒကာမတို့သခါရက ... (မှန်ပါ့) ကုသိုလ်နဲ့ လှမ်းလိုက်၊ အကုသိုလ်နဲ့ လှမ်းလိုက် စုံလုံးကန်းလမ်းသွားတာ ... (မှန်ပါ့) ရိပ်မိကြပလား ... (ရိပ်မိပါပြီ) ဘာတဲ့တုန်း ... (စုံလုံးကန်း လမ်းသွားတာပါဘုရား) လဲမှ လဲပါ့မလား ... (လဲပါတယ်ဘုရား) ခလုတ်ကန်သင်းတွေ သူ့ပစ္စည်းမှ ဖြစ်ပါ့မလား ... (ဖြစ်ပါတယ်ဘုရား)။

ချိုင့်၊ ကျင်းတွေဟာ သူကျရာမှ ဖြစ်ပါ့မလား ... (ဖြစ်ပါတယ်ဘုရား) ကဲ ... ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ သေခါနီးမှ ဒီတရားနာရလို့ တော်သေးတယ် ... (မှန်ပါ့)သေခါနီးမှ နာရတာ

ကိုးဗျ။ အသေဦးနေရင်လည်း နာစရာရှိသေးရဲ့လား ... (မရှိပါ ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီ ဦးသံဒိုင်တို့ ကျေးဇူးပြုပြီး သကာလ ဟောဒီက ဦးအောင်ဖဲဝေတို့ ဦးမာဒင်တို့အားလုံးက ရောက်စေချင်လို့၊ ဘုန်းကြီးများလည်း သူတို့ဒကာ၊ ဒကာမတွေ သစ္စာမှ သိပါစေတော့။ သူတို့ကျေးဇူးပြုချက်ကြောင့် ဘုန်းကြီးဒီမှာ ခဏရောက်လာတယ် ... (မှန်ပါ့ဘုရား)။

ခဏရောက်လာတော့ ခင်ဗျားတို့ကို ယနေ့ မျက်လုံးဖွင့် တော့မယ်။ မိဘရိုးရာ မျက်လုံးဖွင့်ပေးမယ်။ မိဘရိုးရာက အကန်းလို့ မှတ်ပါ။ မိဘရိုးရာက ... (အကန်းပါဘုရား) သေချာကြပလား ... (သေချာပါပြီ)။

ဘယ့်နှယ်ဘုရား၊ ဘယ့်နှယ်ကြောင့် ကန်းပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ကိုယ်ခန္ဓာ ဒုက္ခသစ္စာ မသိသောကြောင့် အဝိဇ္ဇာသည် အကန်းပဲ ... (မှန်ပါ့) အကန်းသည် ယခုဘဝမှာ သူများပါးစပ် လမ်းဆုံးပြီးသကာလ လူ့ပြည်၊ နတ်ပြည်ရောက် ကြောင်း ကုသိုလ်တွေ လုပ်လိုက်ခြင်းကြောင့် အကန်းလမ်းသွား တယ်။ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား) အကန်းဘာလုပ်သတုန်း ... (အကန်းလမ်းသွားပါတယ်ဘုရား)

ဘာသစ္စာနဲ့ သွားသလဲ ... (သမုဒယသစ္စာနဲ့သွားပါတယ်) ဒါသူများပြောတာလား ခင်ဗျားတို့ ဖြစ်စဉ်လား ... (ဖြစ်စဉ်ပါဘုရား)

ဒါ ယခုဘဝ ဖြစ်စဉ်လား၊ အတိတ်ဘဝက ဖြစ်ခဲ့တာလား ... (အတိတ်ဘဝက ဖြစ်တာပါဘုရား) ဖြေကြပါ။ ဖြေကြပါ။ နောက်က ဒကာ၊ ဒကာမတွေနော် ... (မှန်ပါ့ ဘုရား) ဖြေခြင်းသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အရှင်နန္ဒက ဟောတဲ့အခါ အလုံးစုံ အကုန် ဖြေပေးရတယ်။ ကိုယ်အဖြေ ကိုယ်ပေးတာမှ ကိုယ်အမှန်ဖြစ်နိုင်ပါ တယ်ဆိုတာ သတိထားကြပါ။

ဒါဖြင့် လွန်ခဲ့တဲ့ဘဝက မျက်စိကန်းလမ်းသွားတာ ... (မှန်ပါ့) လွန်ခဲ့တဲ့ဘဝက ... (မျက်စိကန်းလမ်းသွားတာပါ ဘုရား) မျက်စိကန်းလမ်းသွားတော့ကို ... တဲ့။ မျက်စိကန်းတာ ဘယ်ဟာ ကန်းသတုန်းဆိုတော့ "ဩော် ... ငါသည် သမုဒယသစ္စာလုပ်ပါ လား" လို့ သိရဲ့လား ... (မသိပါဘုရား) သဘောကျရဲ့လား ... (ကျပါတယ် ဘုရား)။

ဒါလည်း သမုဒယသစ္စာ၊ ဒါလည်း သမုဒယသစ္စာ၊ ဒီသမု ဒယသစ္စာနှစ်ခုကို ငါလုပ်နေတယ်လို့ သိရဲ့လား ... (မသိပါ) မသိသောကြောင့်တဲ့ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ၊ သူ့ဟာသူ သစ္စာမသိလို့ သမုဒယသစ္စာကို ကြိုးစားတယ်။ ဒုက္ခ ရောက်မည့် သစ္စာကို ကြိုးစားတယ်။ ဒုက္ခရောက်မည့်သစ္စာကို ကြိုးစားတယ် ... (မှန်ပါ့) ဘာကြိုးစားသလဲ ... (ဒုက္ခရောက်မည့် သစ္စာကို ကြိုးစားပါတယ်ဘုရား)။

## ဘုန်းကြီးညည်းရင် မပေါ့ကြပါနဲ့

ဒုက္ခရောက်မည့်သစ္စာကို ကြိုးစားနေကြတယ်။ ဒကာ၊ ဒကာမတို့ ဘာကြိုးစားသလဲ ... (ဒုက္ခရောက်မည့် သစ္စာကို ကြိုးစားပါတယ်ဘုရား) ဩော် ... ဒကာ၊ ဒကာမတို့ သိပ်ခက်ပါလား။ အင်မတန် ခက်နေပြီနော်။ ဒကာ၊ ဒကာမတို့ ... (မှန်ပါ့) ဘုန်းကြီးညည်းရင် မပေါ့ပါနဲ့တော့၊ ခင်ဗျားတို့ မသိချက် ပြင်းထန်လွန်းလို့ ညည်းတယ်လို့ ဆုံးဖြတ်ချက်ချပါ ... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ဘုန်းကြီးညည်းပါလိမ့် ... (မသိချက်ပြင်းထန်လို့ပါဘုရား) မသိချက် ပြင်းထန်လွန်းလို့ ဒကာ၊ ဒကာမတွေနောက်က ဒကာ၊ ဒကာမတွေ ဘယ့်နှယ်ကြောင့် ဘုန်းကြီးညည်းပါလိမ့် ... (မသိချက်ပြင်းထန်လို့ပါဘုရား) မသိတာက အဝိဇ္ဇာ ... (မှန်ပါ့) မသိလို့လုပ်တာက ... (သင်္ခါရပါ) ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါ) ဟော ... သမုဒယသစ္စာလို့ကို မသိခဲ့ဘူး ... (မှန်ပါ့)။

မသိလို့လုပ်တာပေါ့ဗျ ... အဝိဇ္ဇာသင်္ခါရကို ... (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီ) ဒါဖြင့်မသိတာက ... (အဝိဇ္ဇာ) ပြုလုပ်တာက ... (သင်္ခါရ) ဘာသိစ္စာလို့ သူမသိတုန်း ... (သမုဒယသစ္စာလို့ မသိပါဘုရား)။ ဩော် ... ဒါဖြင့် မသိတဲ့လူ လုပ်နေတာပါလား။ ဒီအိမ်ကြီး၊ ဒီတိုက်ကြီး တည်ပါဆိုတော့ အိမ်၊ တိုက်၊ မမြင်ဘူးတဲ့

လူက အင်္ဂါတွေမှ မစပ်တတ်တဲ့လူပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ် နိုင်းမိရက်ကြုံနေတယ်။ မသိတဲ့ပုဂ္ဂိုလ်လုပ်နေတာ သဘောပါပလား ... (ပါ, ပါပြီဘုရား)။

ဒကာ၊ ဒကာမတို့ ဘယ်သူလုပ်တာပါလိမ့် ... (မသိတဲ့ပုဂ္ဂိုလ်လုပ်တာပါ) မသိတဲ့ပုဂ္ဂိုလ်လုပ်နေတယ်ဆိုတာ ရှင်းပလား ... (ရှင်းပါပြီဘုရား) တရားက ဘုန်းကြီးဟောတာများတယ်လို့ မယူနဲ့။ နည်းနည်းနဲ့ လိုရင်းပါလိမ့်မယ်လို့ အောက်မေ့ပါ ... (မှန်ပါ့)။

ဒကာ၊ ဒကာမတွေ ဘယ်လိုအောက်မေ့ကြမလဲ ... (နည်းနည်းနဲ့ လိုရင်းပါ ပါတယ်) နည်းနည်းနဲ့ လိုရင်းပါလိမ့်မယ်လို့ ဆုံးဖြတ်ချက်ချပါ။ ရက်ရှည်နာမှ အဆုံးရောက်မှာကိုး ... (မှန်ပါ့ဘုရား) ဒကာ၊ ဒကာမတို့ ရှေးဘဝက မသိတာ ဘာပါလိမ့် ... (အဝိဇ္ဇာပါ ဘုရား) ရှေးဘဝက ကုသိုလ်၊ အကုသိုလ်ပြုခဲ့တာက ... (သင်္ခါရပါ ဘုရား)။

ဩော် ... မသိတဲ့ပုဂ္ဂိုလ်ပြုတာသည် ဘာသစ္စာပါလိမ့် ... (သမုဒယသစ္စာပါဘုရား) လုပ်ကောင်း၊ မလုပ်ကောင်း ... (မလုပ်မကောင်းပါဘုရား)ဟော ... သူက သက်သေခံနေတယ်။ သူက သက်သေခံနေတယ်။ ဒကာ၊ ဒကာမတို့ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

မသိတာက ... (အဝိဇ္ဇာပါဘုရား)။

ပြုလုပ်တာက ... (သင်္ခါရပါဘုရား)။

ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါဘုရား)။

ကိုင်း ... သမုဒယသစ္စာ လုပ်ပါတယ်ဆိုကတည်းက ဒုက္ခမှ ရောက်ပဲ့မလား ... (ရောက်ပါတယ် ဘုရား) သေချာပလား ... (သေချာပါပြီ ဘုရား)။

ဒီတစ်ခါ မျက်လုံးဖွင့်ရတာ ဘုန်းကြီးများက အင်မတန်မှ လည်း ခင်ဗျားတို့ကို ခြော် ... နာဖော်ရပေတယ်။ စုံလုံးကန်း ကလေးတွေကို ဖွင့်ပေးတာ ကြိုက်သေးတယ်ဆိုတဲ့စိတ်ကြောင့် ဝမ်းသာတယ် ... (မှန်ပဲ့)။

## စုံလုံးကန်းပြုတဲ့ ကုသိုလ်

နဂိုက စုံလုံးကန်းကိုး။ ခင်ဗျားတို့က ပြုတဲ့ကုသိုလ်ဆိုပေ မယ့် ဘယ်သူကပြုပြု သာဓုခေါ်ချလိုက်တာပဲ ... (မှန်ပဲ့) ဘယ်လို ခေါ်ကြမလဲ ... (အကန်းသာဓုပါဘုရား) စုံလုံးကန်းပြုတဲ့ကုသိုလ်ကို ခင်ဗျားတို့က ဘယ့်နှယ်ခေါ်ကြသလဲ ... (သာဓုခေါ်ပါတယ်ဘုရား)။

ခြော် ... သမုဒယသစ္စာဖြစ်တာ သာဓုခေါ်တယ် ... (မှန်ပဲ့) ပေါ်ကြပလား ... (ပေါ်ပါပြီ)။

ဘာသစ္စာဖြစ်တာ သာဓုခေါ်သလဲ ... (သမုဒယသစ္စာ ဖြစ်တာ သာဓုခေါ်ပါတယ်) ခေါ်ကောင်း မခေါ်ကောင်း ... (မခေါ် ကောင်းပါဘုရား) သွားပြီပေါ့။ မှန်ပဲ့။ ဒုက္ခရောက်မှာကို သာဓု

ခေါ်တယ်။ မင်းလုပ်တာ သဘောတူတယ်ကွာ။ မင်းဒုက္ခရောက်မှာပဲ ဆိုတာ သေချာတယ် ... (မှန်ပါ့)။

ဒုက္ခရောက်ကြောင်းကို လုပ်မိတဲ့အတွက် ဘာပြောကြသလဲ ...(သာဓုခေါ်ပါတယ်) ခင်ဗျားတို့ တော်တော်အဆင်းတွန်းတဲ့လူတွေပဲ။ ဟိုက ဆင်းနေရတဲ့အထဲ တွန်းချရင် ငါးပါးမှောက်တယ် ... (မှန်ပါ့) ရိပ်မိပလား ... (ရိပ်မိပါပြီ) ဒါ စကားကြမ်းသလား။ ဖြစ်စဉ်ကိုက်သလား ... (ဖြစ်စဉ်ကိုက်ပါတယ် ဘုရား)။

ဒါကြောင့် ဒီတရားမျိုးဟာ ဒကာ၊ ဒကာမတို့ ဘုန်းကြီးတို့ကိုယ့်ကို ချီးမြှောက်ပြောတယ်လို့ မယူနဲ့တဲ့။ အမှန်ပြောအင်မတန်ရှားတယ် ... (မှန်ပါ့) အသိကလည်း ရှားတယ် ... (မှန်ပါ့) အသိကရော ... (ရှားပါတယ်ဘုရား) မောင်ဘအေး မရှားဘူးလား ... (ရှားပါတယ်ဘုရား)။

အခု မင်းတို့က ဘယ်သူဟာ ကျောင်းကြီးဆောက်တယ်။ ဘုရားကြီးဆောက်တယ်။ ဘုရားကြီးတည်တယ်။ သူနောက်ဘဝကောင်းစားချင်လို့လို့ဆိုတော့ သူတဏှာနဲ့ လုပ်တာ ... (မှန်ပါ့) နောက်ဘဝ ကောင်းစားခြင်း တောင့်တလုပ်တာ ... (မှန်ပါ့)။

ဘာသစ္စာနဲ့ လုပ်သလဲ ... (သမုဒယသစ္စာနဲ့ လုပ်ပါတယ်ဘုရား) ဒီသမုဒယသစ္စာဆိုတာ တဏှာပါ ... (မှန်ပါ့ဘုရား)။

သူတဏှာအလုပ် လုပ်နေတာကို ခင်ဗျားတို့က ကောင်းပါပေရဲ့ဆိုတော့ ဘယ့်နှယ်လုပ်မလဲ ... (အဆင်းတွန်းတာပါ ဘုရား) အဆင်းတွန်းတာ ... (မှန်ပါ့)။

အဆင်းတွန်းတာက ဆင်းတဲ့လူကလည်း စုံလုံးကန်းတွန်းတဲ့လူကလည်း ကိုယ်ကနောက်ကနေ တွန်းနေတာကလည်း စုံလုံးကန်းမို့ တွန်းတာ ... (မှန်ပါ့ဘုရား) ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။ ဆင်းတဲ့ပုဂ္ဂိုလ်ကလည်း ... (စုံလုံးကန်းပါဘုရား) တွန်းတဲ့ပုဂ္ဂိုလ်ကလည်း ... (စုံလုံးကန်းပါဘုရား) သေသေချာချာ စဉ်းစားပါ။ ဒီဥစ္စာ မှားသလား၊ မှန်သလား ... (မှန်ပါတယ် ဘုရား)။

ဘုန်းကြီးရှေ့မို့ ... ကွာ။ စာတတ် ပေတတ်မို့ နာမည်ကြီးမို့ မိတ်ခံလိုက်ရတယ်လို့ ဒီလိုမရှိပါနဲ့တဲ့။ ဒီမှာ သက်သေခံနေတယ် ... (မှန်ပါ့) သမုဒယသစ္စာတဲ့။ သဘောပါကြလား ... (ပါ,ပါတယ်ဘုရား)။

သူဖြစ်ကြောင်းကွ ...။ သမုဒယသစ္စာဆိုတာ ဖြစ်ကြောင်းဒကာ၊ ဒကာမတို့၊ သမုဒယသစ္စာဆိုတာ ... (ဖြစ်ကြောင်းပါဘုရား)။

ဖြစ်ကြောင်းဆိုလို့ရှိရင်ဖြင့် ဖြစ်ကျိုးဒီကလာတော့မယ်... (မှန်ပါ့ဘုရား)။ မလာပေဘူးလား ... (လာပါတယ်ဘုရား)။

ကဲ ... လာတော့။ ကဲ ... ဒီနေရာမှာ မသိတဲ့ပုဂ္ဂိုလ်လမ်းသွားတာလည်း သမုဒယသစ္စာဖြစ်ပါတယ်။ ဖြစ်တော့ဒီပုဂ္ဂိုလ်ဟာ ဒီနားမှာ အတိတ်ဘဝက စုတေလိုက်ပါတယ်။ ဒီနားမှာစုတေလိုက်တော့ သူ့သင်္ခါရက ဒကာ၊ ဒကာမတို့ "သင်္ခါရပစ္စယာဝိညာဏံ"ဆိုပြီး ဆက်လိမ့်မယ် ... (မှန်လှပါ) ဒီကြားထဲတော့သေလိုက်တယ် ... (မှန်ပါ့)။

သေပြီးတဲ့အခါမှ အကြောင်းနဲ့အကျိုး ဒီမှာ မဆက်ဘူးလား ... (ဆက်ပါတယ်ဘုရား)။ ဆက်တော့ ခင်ဗျားတို့ ရွတ်ကြည့် သခါရပစ္စယာ ... (ဝိညာဏံပါဘုရား)။

ဟောဒီမှာ ဆက်တယ်။ ဒီအဆက်ဟာ ပြတ်သေးသလား။ ဆက်သွားသလား ... (ဆက်သွားပါတယ်ဘုရား)။ ဒါကြောင့် ဆက်စပ်၊ မြားကဆက်စပ်၊ သဘောကျပလား ... (မှန်ပါ့ဘုရား) ဒကာ၊ ဒကာမတွေ ကျေနပ်ပလား ... (ကျေနပ်ပါပြီ ဘုရား။)

နောက်က ဒကာ၊ ဒကာမတွေ မြင်ဖြဲရဲ့လား ... (မြင်ပါတယ်ဘုရား) မမြင်လို့ရှိရင် အဲဒီစာရွက်ကလေး ခင်းကြည့်။ ဝေထားတဲ့ စာရွက်ကို ခင်းကြည့်ပါ။ အားလုံး ဒကာ၊ ဒကာမတွေ ဒီဝိညာဉ်ဆိုကာ ပဋိသန္ဓေနေပါပြီတဲ့။ ပဋိသန္ဓေနေတော့ ပဋိသန္ဓေဆိုတာ ဇာတိ၊ ဇာတိ ဘာသစ္စာတုန်းမေးတော့ ဇာတိသည် ဒုက္ခသစ္စာကွ ... (မှန်ပါ့ဘုရား) ဘုရားက မဟောဘူးလား ... (ဟောပါတယ် ဘုရား)။

အဲဒါ မသိမှာစိုးလို့ ဘုရားက ဒီအခန်းထဲပါတာ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား) ဟာ ... ဒါဖြင့် အကန်းလမ်းသွားလို့ ချောလဲတာကွ ... (မှန်ပါ့ဘုရား) ပေါ်ကြပလား ... (ပေါ်ပါပြီ) အကန်းလမ်းသွားလို့ ... (ချော်လဲတာပါဘုရား) ဒကာ၊ ဒကာမတို့ ဘယ်လောက်နစ်နာသတုန်း။ ခင်ဗျားတို့ပြုတဲ့ ကုသိုလ်၊ ခင်ဗျားတို့ ပြုတဲ့ အကုသိုလ်တွေဟာ သစ္စာမသိဘဲနဲ့ ဒီဒုက္ခသစ္စာရောက်လိမ့်မယ်လို့ သိကြရဲ့လား ... (မသိပါဘုရား)။

မသိတော့ ဒီအထဲ တိုးမလာဘူးလား ... (လာပါတယ် ဘုရား)။ သခ်ီရပစ္စယာ ... (ဝိညာဏ်ပါဘုရား) ဟော ... တိုးပြီ (မှန်ပါ့) ဘာသစ္စာနဲ့ လာတိုးသလဲ ... (ဒုက္ခသစ္စာနဲ့ လာတိုးပါတယ် ဘုရား) ဇအး ... ဒကာ၊ ဒကာမတွေ ပေါ်ကြပလား ... (ပေါ်ပါပြီ ဘုရား)။ နောက်က ဒကာ၊ ဒကာမတွေ ပေါ်ကြပလား ... (ပေါ်ပါပြီ)။

ဘုန်းကြီးရမ်းဟောနေတာလား ခင်ဗျားတို့ ဖြစ်စဉ်ကိုက် ပြောနေတာလား... (ဖြစ်စဉ်ကိုက်ပြောနေတာပါဘုရား) ဖြစ်စဉ်ကိုက် ပြောနေတယ်ဆိုတာ သခင်ဝတင် သေသေချာချာ မှတ်တော့ ... (မှန်ပါ့)။

မသိတဲ့ ပုဂ္ဂိုလ်လမ်းသွားလို့ ချော်လဲတော့ ဒါ ဒုက္ခသစ္စာ၊ ဒုက္ခမရောက်ဘူးလား ရောက်မလား ... (ရောက်ပါတယ် ဘုရား) ကြည့် ... ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။

ဒီဘက်ပိုင်းထဲ တစ်ပိုင်းလုံးဟာ ဒုက္ခသစ္စာချည်း မှတ်ပါ ... (မှန်ပါ့) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ချော်လဲမည့်ပုဂ္ဂိုလ်ကို ခင်ဗျားတို့က မျက်လုံးမမြင်တဲ့ပုဂ္ဂိုလ်က ချော်လဲတာကို ခင်ဗျားတို့က သာဓုခေါ်ပြီး ဝမ်းသာလိုက်တာ ရှေးဘဝက သခ်ီရပြုတုန်းက ခြေချော်လဲမှာ သိတာနဲ့ ခင်ဗျားတို့က သာဓု၊ သာဓုများ ခေါ်လိုက်သေးတယ် ... (မှန်ပါ့ဘုရား) ဘယ်လိုများ ခေါ်ကြသတုန်း ... (သာဓု၊ သာဓု ခေါ်ပါတယ်ဘုရား)။

ဘာပြုလို့ သူချော်လဲမှာ သိလို့လား … (မသိသေးပါဘုရား) ခင်ဗျားတို့ သိသေးရဲ့လား … (မသိပါဘုရား)။

ဒါဖြင့် သာဓုခေါ်တဲ့လူကလည်း မသိလို့ စုံလုံးကန်း… (မှန်ပါ့) လုပ်တဲ့ပုဂ္ဂိုလ်ကလည်း မသိလို့ … (စုံလုံးကန်းပါဘုရား) ခုနင်က စကားပေါ်သွားပြီ၊ ခုနင်က (၂)ကွက် မကူးတော့ မပေါ်သေးဘူး … (မှန်ပါ့)။

အခု (၂)ကွက်ကူးပြလိုက်တော့ ဘယ့်နှယ်နေသလဲ … (ပေါ်ပါတယ်ဘုရား) ပေါ်သွားပြီဆိုတာ သဘောကျကြလား … (ကျပါတယ်ဘုရား)။

ဒါကြောင့် ဒကာ၊ ဒကာမတို့ ဘုန်းကြီးသည် အင်မတန်အရေးတကြီးတရားကို ဟောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ … (မှန်ပါ့ဘုရား) ဒကာ၊ ဒကာမတွေ … (မှန်ပါ့)တစ်သက်နဲ့ တစ်ကိုယ်ဒီတစ်ခါတွေ့ရတယ်လို့ အောက်မေ့ပါ… (မှန်ပါ့)တွေ့ဖူးရဲ့လား … (မတွေ့ဖူးပါဘုရား)။

ဒကာ၊ ဒကာမတွေ ဒါ … မခဲယဉ်းဘူးလား။ ခင်ဗျားတို့ တက်နေတဲ့ သင်္ချိုဟ်ထဲ ဒါပါရဲ့လား။ သမုဒယသစ္စာလို့ သူနှစ်ခုကို မပါဘူး … (မပါ,ပါဘုရား)။

ချော်လဲတယ်လို့ရော … (မပါ,ပါဘူးဘုရား) မပါဘူးတဲ့။ စင်စစ်ချော်လဲတာတွေ့ရမယ်။ ဒီပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရဆိုတဲ့ ညာခြေ၊ ဘယ်ခြေနဲ့ သွားလိုက်တဲ့အတွက် ဒီချော်လဲတာပဲ … (မှန်ပါ့) သဘောပါကြလား … (ပါ,ပါတယ် ဘုရား)။

ဘာဖြစ်တုန်း ... (ချော်လဲတာပါဘုရား) ချော်လဲတာကို ခင်ဗျားတို့က မသိတော့ နောက်ဘဝ ကောင်းစားတယ်လို့ ယူလိုက်မယ်။ ချော်လဲတာ မသိတော့ ... (နောက်ဘဝကောင်းစားတယ်လို့ ယူတယ်)။

နောက်ဘဝ ကောင်းစားတယ်လို့ ယူချလိုက်တော့ ဒါ နောက်ဘဝပါပဲတဲ့။ ပစ္စုပ္ပန်ဘဝကျပါလိမ့်မယ်။ ဒါက အတိတ်ဘဝ ကိုးဗျ ... (မှန်ပါ့)။

ဒီကြည့်ပါလား။ အတိတ်အကြောင်းလို့ ပြောတယ်။ ဒီပစ္စုပ္ပန်လို့ မပြောဘူးလား ... (ပြောပါတယ်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ အခု ဘာသစ္စာရထားသလဲ ... (ဒုက္ခသစ္စာရထားပါ တယ်)။

ဩော် ... ခင်ဗျားတို့ သူများပြောသံကြားကြောင့် ရတာလား၊ ကိုယ့်ဟာကိုယ် မသိတဲ့ပုဂ္ဂိုလ် စုံလုံးကန်းလမ်းသွားလို့ရတာ လား ... (စုံလုံးကန်းလမ်းသွားလို့ ရတာပါဘုရား)။

အဲဒါ သာမညပုဂ္ဂိုလ်က ဟောလို့ရှိရင် ခင်ဗျားတို့ ... "ဩော် ... မင်း လူ့ဘဝတော်လေရဲ့ကွာ" ဆိုပြီး ဒါကလေးကြည့် ဟောမှာပဲ။ ဒါ လူ့ဘဝအစပဲ ... (မှန်ပါ့) ရှင်းကြပလား ... (ရှင်းပါပြီ)။

ဒါ ဘာပါလိမ့် ... (လူ့ဘဝအစပါဘုရား)။ အစဆိုတာ ဇာတိမဟုတ်လား ... (မှန်ပါ့ါဘုရား) ဇာတိကို ဘုရားက ဘာသစ္စာ ဟောသလဲ ... (ဒုက္ခသစ္စာပါဘုရား) သစ္စာနဲ့ ကိုက်လိုက်တော့မှ

သူတို့က တော်ပေရဲ့ဆိုပေမယ့် ကိုယ်ရတာက ဒုက္ခသစ္စာ ... (မှန်ပါ့ဘုရား)။

ကိုယ်ရတာက ... (ဒုက္ခသစ္စာပါဘုရား) သူများကတော့ တော်ပါပေ့ကွာ။ မင်းဟာ အကျိုးပေးသန်သကွာ။ ဘာသန်နေတာလဲ ... (ဒုက္ခသစ္စာသန်နေတာပါ)ဒုက္ခရောက်သန်နေတာ။ ရိပ်မိပလား ... (ရိပ်မိပါပြီ) ဘာသန်နေတာတုန်း ... (ဒုက္ခရောက်သန်နေတာ)။

ဒါကြောင့် ခင်ဗျားတို့ လုပ်တဲ့ပုဂ္ဂိုလ်ကလည်း စုံလုံးကန်းလမ်းသွားတာပဲ။ ဟုတ်လား ... (မှန်ပါ့)။

နောက်က သာဓုခေါ်တဲ့ ပုဂ္ဂိုလ်ကရော ... (စုံလုံးကန်းပါပဲဘုရား) စုံလုံးကန်းတွန်းချနေတာ ... (မှန်ပါ့ဘုရား) ရိပ်မိပလား ... (ရိပ်မိပါပြီ)။

ဒါဖြင့် မသိတဲ့လူ သာဓုခေါ်လိုက်မှာ သိပ်ကြောက်စရာကောင်းတယ်။ မသိတဲ့လူ သာဓုခေါ်လိုက်တဲ့ဥစ္စာသည် အဆင်းတွန်းတောင်ဖြစ်လိုက်သေးတယ် ... (မှန်ပါ့) မဖြစ်ဘူးလား ... (ဖြစ်ပါတယ်ဘုရား)။

ကိုင်း ... ဘယ့်နှယ်ဆိုကြမလဲ။ အဲဒီအတိုင်းကျနေတယ် ... (မှန်ပါ့) ကျ,မကျ ... (ကျပါတယ်ဘုရား) ဗုဒ္ဓဘာသာက ဒီအတိုင်းကျ,မကျ (ကျပါတယ်ဘုရား) သစ္စာမသိတဲ့ပုဂ္ဂိုလ်မှာ ဒီအတိုင်းမကျဘူးလား၊ ကျသလား ... (ကျပါတယ် ဘုရား) ပေါ်ကြပလား ... (ပေါ်ပါပြီ)။

## သစ္စာမသိတဲ့ ဗုဒ္ဓဘာသာ

အဲဒီတော့ ခင်ဗျားတို့က ဗုဒ္ဓဘာသာမှ ဟုတ်ကြရဲ့လားလို့ မေးလို့ရှိရင် ဗုဒ္ဓဘာသာလို့ ဆိုင်းဘုတ်တော့ ဆွဲတာပဲ ဘုရား၊ သစ္စာမသိတဲ့ ဗုဒ္ဓဘာသာ ... (မှန်ပါ့ဘုရား)။ ဗုဒ္ဓဘာသာဆိုတာ ဗုဒ္ဓက သစ္စာလေးပါးကိုသိတာ၊ ဘာသာက သူပြောတာကို လိုက်နာတာ။ သစ္စာသိတာကို လိုက်နာမယ်ဆိုပြီး ခင်ဗျားတို့ အခု သစ္စာ သိရဲ့လား ... (မသိပါ)။

မသိတော့ ဗုဒ္ဓဘာသာလို့ ဆိုနိုင်ပါ့မလား ... (မဆိုနိုင်ပါ)။ ဒါဖြင့် ဆိုင်းဘုတ် ဗုဒ္ဓဘာသာ၊ အတွင်းဗုဒ္ဓဘာသာမဟုတ်ဘူး။

ရိပ်မိကြပလား ... (ရိပ်မိပါပြီ)။ စကားကြမ်းသလားတဲ့၊ ဖြစ်စဉ်နဲ့ ကိုက်သလား အကဲခတ် ... (ဖြစ်စဉ်နဲ့ကိုက်ပါတယ်) ပေါ်ကြပလား ... (ပေါ်ပါပြီ)။

ဒါကြောင့် ဒီတရားမျိုးကို ဒကာ၊ ဒကာမတွေ ချိုးမြှောက်ပြောတာ မဟုတ်ဘူး။ ရှာမှ ရှားနေတယ် ... (မှန်ပါ့ဘုရား) မရှားဘူးလား ... (ရှားပါတယ်)။ သေသေချာချာ ရှားနေတယ် ... (မှန်ပါ့)။

ကိုင်း ... ဒကာ၊ ဒကာမတို့ အတိတ်ဘဝက အကန်းလမ်း သွားလို့ ချော်လဲပါတယ်။

ချော်လဲတာသည့် အကောင်းလား၊ အဆိုးလား ... (အဆိုးပါဘုရား) ဆိုးတယ်၊ မဆိုးတယ် ဒီကြည့်လိုက် ... (ဒုက္ခသစ္စာပါ) ဒုက္ခရောက်တာ ... (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီ)။

ခင်ဗျားတို့ ယခု ဘယ်ထဲမှာ ရောက်နေတုန်းဆိုတော့ ပစ္စုပ္ပန်တဲ့။ ပစ္စုပ္ပန်က ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။

ဩော် ... ဒီဒကာ၊ ဒကာမတွေဟာ ရှေးဘဝက အကန်းလမ်းသွားတဲ့အတွက် သစ္စာမသိလို့၊ သစ္စာမသိဘဲနဲ့ အကန်းလမ်းသွားတဲ့အတွက် ဒုက္ခရောက်နေကြပြီ ... (မှန်ပါ့ဘုရား)။

ဒကာ၊ ဒကာမတွေ ... (မှန်ပါ့) ပေါ်ကြပလား။ နောက်က ဒကာ၊ ဒကာမတွေ ... (ပေါ်ပါတယ်ဘုရား)။ ခင်ဗျားတို့ (၁)ထဲမှာလား၊ အခု (၂)ထဲ ရောက်နေသလား ... (၂ ထဲ ရောက်လာပါပြီဘုရား)။

(၂)ဟာ ... ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား။)

(၂)ဟာ ... ဒုက္ခသစ္စာ ... (မှန်ပါ့)။

ဒကာ၊ ဒကာမတွေ သွားပြီ ... (မှန်ပါ့) ဦးမာဒင်ကြီးတို့ဘေးက ပုဂ္ဂိုလ်တွေက ကိုယ်ကမှ မကျန်းမာ၊ မချမ်းသာတဲ့ ပုဂ္ဂိုလ်များ ခင်ဗျားတို့အဖြစ်မျိုး ဖြစ်ချင်လိုက်တာလို့ တောင်းတတဲ့ လူတွေ ရှိမှာပဲ။

ရှိမှာပဲ ... (မှန်ပါ့) ဘာပြုလို့တုန်း။ သူ့ဒုက္ခ၊ သူကလည်း ဒုက္ခသစ္စာမှ မသိဘဲဟာကိုး ... (မှန်ပါ့)။

အေးကွာ ... မင်းလည်းကြည့်ပြီး မင်းအရေးမင်းကြည့်ပြီး၊ မင်းလည်း ဒီဘဝမှာ တို့လောက်ပင် အကြောင်းမညီညွတ်ငြားသော်လည်း၊ နောက်ဘဝအကြောင်း ညီညွတ်အောင် ပေါ်အောင်များအောင် လုပ်တာပေါ့ကွာဆိုတော့ သူ့ပါးစပ်ကလည်း ထွက်ချင်ထွက်မှာပဲ။

မထွက်ပေဘူးလား။ ထွက်မလား ... (ထွက်ပါတယ်ဘုရား)။ ထွက်မှာပဲဗျ။ အဆင်းတွန်းမှာ ဦးမြကြီး မပါဘူးထင်တယ် ... (ရှိပါတယ်ဘုရား)။

ကဲ ... ဒါဖြင့် ဒကာ၊ ဒကာမတို့ အလွန်ဆိုးဝါးနေတဲ့ အဖြစ်တွေ ကြုံပြီဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီ ဘုရား)။

## အမှန်တရားကွယ်ရင် သံသရာရှည်မယ်

ဒါက တရားစစ်ကိုဟောတော့ ဒကာ၊ ဒကာမတို့ကို နည်းနည်းမှ မငဲ့နိုင်ဘူး ... (မှန်ပါ့) အမှန်ပဲ သိစေချင်တယ် ... (မှန်ပါ့) အမှန်ကိုပဲ ပြောရမယ် ... (မှန်ပါ့) သဘောပါပလား ... (ပါ,ပါပြီ) ဒီအမှန်တရားကွယ်ရင် သံသရာရှည်တော့မယ် ... (မှန်ပါ့ဘုရား) အမှန်တရားကွယ်ရင် ခင်ဗျားတို့ အကုန်ဒုက္ခရောက်တော့မယ် ... (မှန်ပါ့ဘုရား) သဘောပါကြရဲ့လား ... (ပါ,ပါတယ်ဘုရား)။

အမှန်တရားကွယ်ရင် ... (ဒုက္ခရောက်ပါလိမ့်မယ်) သဘော ပါပလား ... (ပါ,ပါပြီဘုရား) ပြောဆိုနေကြတာက ဒါနက ပစ္စည်း ပေါ်တယ်။ သီလက အသက်ရှည်တယ်။ အခု ရှည်မှာလား။ နောက် ဘဝရှည်မှာလား ... (နောက်ဘဝရှည်မှာပါ ဘုရား) ပစ္စည်းပေါ်မှာ ရော အခုပေါ်မှာလား၊ နောက်ဘဝပေါ်မှာလား ... (နောက်ဘဝ ပေါ်မှာပါ ဘုရား)။

## နောက်ဘဝဆိုတာ

ဟာ ... နောက်ဘဝဆိုတာ ဘာသစ္စာတုန်း ... (ဒုက္ခ သစ္စာပါဘုရား)။ သွားပြီ ... (မှန်ပါ့)။ မသွားသေးဘူးလား ... (သွားပါပြီ ဘုရား)။ နောက်ဘဝ ဘာသစ္စာမှာဖြစ်မှာတုန်း ... (ဒုက္ခသစ္စာဖြစ်မှာ ပါ)။ ကဲ ... ကျေနပ်ကြပလား ... (ကျေနပ်ပါပြီ)။

ဒကာ၊ ဒကာမတို့၊ နောက်ဘဝဆိုတာ ဘာသစ္စာလဲ ... (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာဆိုတာ ကျေနပ်ပြီနော် ... (မှန်ပါ့)။

ကဲ ... ဒါဖြင့် ဒီဒုက္ခသစ္စာကြီးဟာ ဘယ်သူပါလိမ့်မတုန်း မေးတဲ့အခါကျတော့ ခင်ဗျားတို့ စနေခဲ့တဲ့ ပဋိသန္ဓေဆိုတဲ့ ဝိညာဉ်က လည်း ဒုက္ခသစ္စာ၊ နာမ်ရုပ်ကလည်း ... (ဒုက္ခသစ္စာပါ ဘုရား)။ ဟင်း ... သဠာယတနဆိုတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ စိတ် ကကော ... (ဒုက္ခသစ္စာပါဘုရား)။ ဒီအထဲမှာ ခင်ဗျားတို့ ဟိုဟာနဲ့ တွေ့ချင်၊ ဒီဟာနဲ့တွေ့ချင်ဆိုတဲ့ ဖဿကရော ... (ဒုက္ခသစ္စာပါ ဘုရား)။

ခင်ဗျားတို့ကလည်း ကောင်းတာကြိုက်တဲ့ ဝေဒနာကကော ... (ဒုက္ခသစ္စာပါဘုရား)။ ကောင်းတာကြိုက်လျက်သားနဲ့ မစားရလို့ ဒေါမနဿဖြစ်နေတာလည်း ဝေဒနာပဲ ... (မှန်ပါ့ဘုရား)။ ဒါ ဘာလဲ...(ဒုက္ခသစ္စာပါဘုရား)။ အလုံးစုံကမွဿကာပဲလို့ ထားတာ ရော ... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ယခုဘဝမှာ ဘာအလုပ်လုပ်နေကြ သတုန်းမေးရင် ဘယ့်နှယ်ဖြေမလဲ ... (ဒုက္ခသစ္စာလုပ်ပါတယ်)။

ဒါ လုပ်သာနေတာ ကျုပ်က ဒုက္ခကလေးခံလို့ ဒါလောက်စားရတာလို့ ပြောချင်ပြောနေတာ ... (မှန်ပါ့ဘုရား)။ အမယ်လေး ကြောက်စရာလူတွေပါလား။ ဒုက္ခကို သာယာနေတာ ... (မှန်လှပါ)။ ဦးညွန့်ကြီး ဒုက္ခကို မသာယာဘူးလား ... (သာယာ ပါတယ်ဘုရား)။ သာယာတာပေါ့ဗျ။ ခင်ဗျားတို့ ယနေ့ တစ်သိန်းဖိုး ရောင်းလိုက်ရတယ်ဆိုရင် ဒီနေ့ မောရတာ အမောကောင်းလို့ ပြောတယ်။ အမယ်လေး ကြောက်စရာလူတွေ။

ဒုက္ခရောက်ရင် အကောင်းချည်းပဲပြောတာပဲ။ သူတို့က ... (မှန်ပါ့) အမောကောင်းလို့ပြောတာ ... (မှန်ပါ့ အမောကောင်း ပါတယ်)။

ဒီလိုအမောမျိုး မောစမ်းချင်တယ်။ မသုံးဘူးလား သုံးသ လား..(သုံးပါတယ်ဘုရား)။ မောတာ ဘာသစ္စာတုန်းတဲ့ ... (ဒုက္ခ သစ္စာပါဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးနဲ့ သွားလာနေရတာသည် ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား)။ ဒီခန္ဓာကြီးနဲ့ ပြောဆိုနေရတာ ... (ဒုက္ခသစ္စာပါဘုရား)။ ဟင် ... မဂ္ဂသစ္စာဝင်သေးရဲ့လား ... (မဝင်ပါဘုရား)။

မဝင်တော့ဘူး ဒကာ၊ ဒကာမတို့၊ ခင်ဗျားတို့ သန္တာန်မဂ်ဉာဏ် နိဗ္ဗာန်ကွယ်ပြီ ... (မှန်ပါ့) ဘယ်လိုဆိုကြမလဲ ... (မဂ်ဉာဏ် နိဗ္ဗာန်ကွယ်ပါပြီ)။ သစ္စာနှစ်ပါး ကွယ်နေတယ် ... (မှန်ပါ့ဘုရား)။

ဒကာ၊ ဒကာမတွေ သန္တာန်သစ္စာ ဘယ်နှပါး ကွယ်နေသလဲ ... (နှစ်ပါးကွယ်နေပါတယ်ဘုရား)။ နှစ်ပါးက နိဗ္ဗာန်ရောက်ကြောင်းလည်းကွယ်ပြီ ... (မှန်လှပါ) နိဗ္ဗာန်လည်းကွယ်တယ် ... (မှန်ပါ့)။ နောက်က ဒကာ၊ ဒကာမတွေ သစ္စာဘယ်နှပါး ကွယ်သတုန်း ... (နှစ်ပါးကွယ်ပါတယ်ဘုရား)။

တစ်ပါးက ဘာပါလိမ့် ... (နိဗ္ဗာန်ရောက်ကြောင်းကွယ်ပါတယ်) နိဗ္ဗာန်ရောက်ကြောင်းကွယ်တယ် ... (မှန်ပါ့)။ မဂ္ဂသစ္စာကွယ်နေတယ်။ မကွယ်ဘူးလား ... (ကွယ်ပါတယ်ဘုရား)။ မဂ္ဂသစ္စာဆိုတာ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်လား ... (မှန်ပါ့ဘုရား)။ အဲဒါ ဘာဖြစ်နေသတုန်း ... (ကွယ်နေပါတယ် ဘုရား)။

မဂ္ဂသစ္စာရောက်ကြောင်းကွယ်တော့ ရောက်ကျိုးနိဗ္ဗာန်ဆိုတာရော ... (ကွယ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သစ္စာနှစ်ပါးဖြင့်လုံးလုံး သပိတ်မှောက်တဲ့ ဒကာ၊ ဒကာမတွေပဲလို့ ဆိုရမယ် ... (မှန်လှပါဘုရား) ဘယ်သစ္စာ ဘယ်သစ္စာ သပိတ်မှောက်ပါလိမ့် ... (မဂ္ဂနဲ့ နိရောဓသစ္စာပါဘုရား)။

ဒါဖြင့် အဖိုးတန်သစ္စာနှစ်ခု မလာခဲ့နဲ့ ... (မှန်ပါ့) ရိပ်မိ ပလား ... (ရိပ်မိပါပြီ) အဖိုးတန်သစ္စာနှစ်ခုဖြင့် ... (မလာခဲ့နဲ့) ဆင်းရဲနဲ့ အမွဲဖြင့်လာခဲ့ ... (လာခဲ့ပါဘုရား) ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ဆင်းရဲနဲ့ အမွဲဖြစ်ခဲ့ရင်ဖြင့် ... (လာခဲ့) လာခဲ့ဆိုတော့ သမုဒယက မီး၊ ဒုက္ခက ထင်၊ မီးနဲ့ထင်းသာ ခင်ဗျားတို့ လုပ်နေ တယ်တဲ့။ မီးငြိမ်းတာရယ် မီးငြိမ်းလို့ အေးသွားတဲ့နေရာရယ် ဘယ်တော့မှ မတွေ့ဖူးဘူး ... (မှန်ပါ့)မီးငြိမ်းတဲ့နည်းလည်း မရဖူးဘူး ... (မှန်လှပါ)။ မီးငြိမ်းလို့ အေးတဲ့နေရာမှာလည်း မရောက်ဖူး ဘူး ... (မှန်ပါ့)။

မီးငြိမ်းတဲ့နည်းသည် မဂ္ဂသစ္စာ ... (မှန်ပါ့) သဘောကျ ပလား ... (မှန်ပါ့) အေးသွားတာသည် နိရောဓသစ္စာ၊ ဒီသစ္စာ နှစ်ခု ဒကာ၊ ဒကာမတွေ သန္တာန်ရှိပါရဲ့လား ... (မရှိပါဘုရား)။ မရှိဘူး။ ပေါ်ကြပလား ... (ပေါ်ပါပြီ)။

ကောင်းပြီ။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီဘဝမှာ ခင်ဗျားတို့ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာ စာဆို ... (မှန်ပါ့)။

သဘောကျပလား ... (မှန်ပါ့၊ သဘောကျပါတယ်) ဘာတဲ့တုန်း ... (စာဆိုပါဘုရား) စာဆိုကို ဘုန်းကြီးတို့က မကြိုက်ဘူး။ စာဆိုကို မကြိုက်ဘူးဆိုတော့ စာတတ်တဲ့ဘုန်းကြီးက စာဘာဖြစ်လို့ မကြိုက်ပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား ← (လိုပါတယ်ဘုရား၊ လိုပါတယ်) ရှိတဲ့နေရာ မသိလို့ မကြိုက်ဘူး... (မှန်ပါ့)။

ရှိတာက ခန္ဓာထဲမှာရှိတာ ... (မှန်ပါ့) စာက မှတ်တမ်းထဲမှာ သွားရှိနေတာ ... (မှန်ပါ့)။

မှတ်တမ်းထဲမှာ သွားရှိနေတော့ ဘုန်းကြီးတို့က မကြိုက်ဘူး။ ရှိတဲ့နေရာကို လိုက်ရှာပြီး သိစေချင်တယ် ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါတယ်ဘုရား)။ မှတ်တမ်းထဲ ဘယ်စာက ဘယ်လိုဆိုနေတယ်ဆိုတာ မကြိုက်ဘူး ... (မှန်ပါ့)။ ကြိုက်လို့ တော်ပါ့မလား ... (မတော်ပါဘုရား)။ ဘာပြုလို့တုန်း မှတ်တမ်းမို့ ... (မှန်ပါ့) အတည်ပြုလို့ တော်ပါ့မလား ... (မတော်ပါဘုရား)။

အရှိကိုအတည်ပြုရင်တော့ ... (တော်ပါတယ်ဘုရား)၊ တော်တယ်ဆိုတာ ကျေကျေနပ်နပ် သဘောကျရဲ့လား ... (ကျပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပာဒ်ကို ရှင်းပြမယ် ... (မှန်ပါ့ဘုရား)၊ သဘောကျပလား ... (ကျပါတယ်ဘုရား) ခန္ဓာထဲမှာ တစ်နေ့ပဋိစ္စသမုပ္ပာဒ် ဘယ်နှခုဖြစ်တယ်ဆိုတာ သိစေချင်တယ် ... (မှန်ပါ့ဘုရား)။

အဲဒါကို ဖြတ်ပေးမယ်။ အဲဒါဖြတ်မှ ဖြတ်တဲ့ ဉာဏ်လည်း လာပါရော။ နိဗ္ဗာန်လည်းရတာပဲ ... (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်ဝေးသလား၊ နီးသလား

နိဗ္ဗာန်ဟာ မဝေးပါဘူး ... (မှန်ပါ့)။ ဒကာ၊ ဒကာမတွေ နိဗ္ဗာန်ဝေးသလား၊ နီးသလား ... (နီးပါတယ်ဘုရား) ယခု ဒကာ၊ ဒကာမတွေ ဘယ်သစ္စာထဲ ရောက်နေသတုန်း ... (ဒုက္ခသစ္စာထဲ ရောက်နေပါတယ်ဘုရား)။

စိတ်ဆိုတာ ဒကာ၊ ဒကာမတွေ သန္တာန်ရှိပါရဲ့လား ... (ရှိပါတယ်)။ ဒါဖြင့် သူလည်း ဒုက္ခသစ္စာပဲ၊ စိတ်ပေါ်တိုင်း ပေါ်တိုင်း ဒုက္ခသစ္စာ ... (မှန်ပါ့)။

ဘယ်အာရုံတွေနဲ့ တွေ့ချင်တိုင်း၊ တွေ့ချင်တိုင်း ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ ဒီအချိန်ကို သိဖို့ အရေးကြီးတယ် ... (မှန်ပါ့)။ စိတ်ကလေးပေါ်လာလို့ရှိရင်လည်း လိုချင်တဲ့စိတ် ပေါ်လာတယ်။ အိပ်ချင်တဲ့စိတ်ပေါ်လာတယ်။ စားချင်တဲ့စိတ် ပေါ်လာတယ်။ ဟ ... ဒုက္ခပေါ်တာလို့ ဒီအချိန်သိရမယ် ... (မှန်ပါ့ဘုရား)၊ ဒီအချိန်မှာ သဥ္စာယတနပေါ်ပြီလို့ သိရမယ် ... (မှန်ပါ့)။ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

သဥ္စာယတနသိတဲ့အခါကျတော့ ဟိုဟာနဲ့ ဒီဟာနဲ့ တွေ့ချင်တယ်ဆိုတာ မလာပေဘူးလား ... (လာပါတယ်ဘုရား)

တွေ့ချင်ရင်လည်း ဖဿပေါ်တယ်လို့ သိရမယ်။ ဖဿဒုက္ခသစ္စာပေါ်တယ်လို့ ချက်ချင်းသိရမယ် ... (မှန်လှပါဘုရား)။

## ဝေဒနာပေါ်တိုင်းပေါ်တိုင်းသိမှ သစ္စာသိမယ်

နောက်ကျတော့ အကောင်း၊ အဆိုး ရွေးလာတာက ဘာပါလိမ့် ... (ဝေဒနာပါဘုရား)။ အဲဒီ ဝေဒနာပေါ်တိုင်း၊ ပေါ်တိုင်း သိမှ ခင်ဗျားတို့ သစ္စာသိမယ် ... (မှန်လှပါ။) သဘောပါပလား ... (မှန်ပါ့၊ ပါ, ပါတယ်ဘုရား)

ဒီအတိုင်း စာထဲမှာ သွားသိနေလို့တော့ အလံကားပါပဲ ... (မှန်ပါ့) ပိဋကတ်သုံးပုံဆောင်ကြီး၊ ပေါဋ္ဌိလကြီး ဒကာ၊ ဒကာမ တို့ ကျောင်းသားငါးရာ စာချနေတဲ့ပုဂ္ဂိုလ်ကြီး၊ ခုနစ်နှစ်အရွယ် အလုပ်သမားကလေး ကိုရင်လေးဆီသွားသင်ရတယ်။ ဒါတွေကို ... (မှန်ပါ့) ပိဋကတ်သုံးပုံဆောင်ပဲ ... (မှန်ပါ့)။

အလုပ်သမား ကိုရင်လေး ခုနစ်နှစ်အရွယ်ဆီမှာ သွားပြီး ဒါသင်ရတယ်။ သစ္စာခန္ဓာ ကိုယ်ထဲပေါ်တာ ပြောစမ်းပါ ကိုရင်ရဲ့။ စာထဲမှာတော့ သူသိရဲ့ ... (မှန်ပါ့)။

သူ့ခန္ဓာထဲ ပေါ်နေတာကျတော့ ... (မသိပါဘုရား) ဒါဖြင့် စာသိသည် ဒကာ၊ ဒကာမတို့ အရှိသိ မဟုတ်သောကြောင့် နိဗ္ဗာန် မရောက် ... (မှန်လှပါ)။

ကိုယ့်ခန္ဓာထဲပေါ်တိုင်း ပေါ်တိုင်းသိမှ၊ နိဗ္ဗာန်ရောက်မယ် ... (မှန်ပါ့ဘုရား)။ ပေါ်ပြီလား ... (ပေါ်ပါပြီဘုရား)။

ဒကာ၊ ဒကာမတွေ ဒီဘုန်းကြီးနဲ့ တွေ့ရတာကလည်း ရက်ကလည်းတို၊ ခင်ဗျားတို့ကို သနားတဲ့စိတ်လည်း ရှိပါတယ်။ ရှိပင်ရှိငြားသော်လည်း ခင်ဗျားတို့ အကျိုးပေးက ဒီလောက်ပဲ ထိုက်တယ် ... (မှန်ပါ့)။

သနားစရာတော့ သိပ်ကောင်းပါတယ် ... (မှန်ပါ့)။ သနားစရာတော့ သိပ်ကောင်းပါတယ်။ သနားစရာတော့ သိပ်ကောင်းတာ အမှန်ပဲဗျ ... (မှန်ပါ့)။ ဝါဆိုချိန်ကလည်း နီးပြီ ... (မှန်ပါ့)။ ဟိုမှာ မှီခိုနေတဲ့ ပုဂ္ဂိုလ်တွေကလည်း များတယ် ... (မှန်လှပါ)။

ကိုင်း ... ဒါဖြင့် ခင်ဗျားတို့ သန္တာန်ထဲမှာ ဝိညာဏ် ဆိုတာ ပဝတ္တိဝိညာဏ်ကို ပြောလိုက်ပါတယ်။ ပဋိသန္ဓေဉာဏ် လည်း ဖြစ်တာပါပဲ ... (မှန်ပါ့)။

မြင်တယ်ဆိုတော့ စက္ခုဝိညာဏ်လို့ မဆိုသင့်ဘူးလား ... (ဆိုသင့်ပါတယ်ဘုရား)။ အဲဒါ ဒုက္ခသစ္စာပေါ်တယ် ... (မှန်ပါ့)။ ဒီအထဲမှာ သဥာယတနဆိုတဲ့ စက္ခုဝိညာဏ်ဆိုတဲ့ မြင်စိတ်မပေါ် ဘူးလား ... (ပေါ်ပါတယ်ဘုရား)။ ဒီကြည့်လိုက်။ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။

အဲဒီပေါ်တိုင်း၊ ပေါ်တိုင်း ဒုက္ခသစ္စာသိပေးရမယ် ... (မှန်ပါ့)။ ပေါ်ရင် ဒီစက္ခုဝိညာဏ်ပေါ်ရင် ဒီကနေပြီး သိပေး၊ သိတော့

ဒီအဆက်ပြတ်တယ် ... (မှန်ပါ့)။ မပြတ်ဘူးလား ... (ပြတ်ပါတယ် ဘုရား)။ ဒီဘက်ကူးသေးရဲ့လား ... (မကူးပါဘုရား)။ မကူးလို့ရှိရင် ဖြင့် ဒီတဏှာမချုပ်ဘူးလား ... (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် "တဏှာနိရောဓော နိဗ္ဗာနံ" ... (မှန်လှပါ)။ ဒီဘက် နောက်ခန္ဓာလာသေးလား။ အနာဂတ်ဘဝ ... (မလာပါဘုရား)။

ဒါဖြင့် "ခန္ဓနိရောဓော နိဗ္ဗာနံ"ဆိုတော့ ဒီက မကူးဖို့ဘဲ အရေးကြီးတယ် ... (မှန်လှပါဘုရား)။ နိဗ္ဗာန်ဝေးသလား ... (မဝေးပါဘုရား)။ နီးတယ်ဆိုတာ ခင်ဗျားတို့ သူများပြောကို မယုံပါ နဲ့ ကိုယ့်ပဋိစ္စသမုပ္ပာဒ် ကိုယ်ဖြတ်ရင်နီးတယ် ... (မှန်ပါ့)။

## ကိုယ်ပဋိစ္စသမုပ္ပာဒ်ကို ကိုယ့်ဉာဏ်နဲ့ဖြတ်

သူများက စာတွေ၊ ပေတွေနဲ့ ကိုးပြီးပြနေရင် မယုံနဲ့ ... (မှန်ပါ့)။ ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကို ကိုယ့်ဉာဏ်နဲ့ဖြတ်ရင် ပဋိစ္စ သမုပ္ပာဒ်ဆိုတာ ခင်ဗျားတို့ သန္တာန်မြင်စိတ်ပေါ်တာ ပဋိစ္စသမုပ္ပာဒ် ပဲ ... (မှန်ပါ့ဘုရား)။ ကြားစိတ်ပေါ်တာ ... (ပဋိစ္စသမုပ္ပာဒ်ပါ ... ဘုရား)။ နံစိတ်ပေါ်က ... (ပဋိစ္စသမုပ္ပာဒ်ပါဘုရား)။ စားစိတ် ပေါ်တာ ... (ပဋိစ္စသမုပ္ပာဒ်ပါ ဘုရား)။ ယားစိတ်၊ ယံစိတ်ပေါ်တာ ... (ပဋိစ္စသမုပ္ပာဒ်ပါဘုရား)။

အဲတာ ပဋိစ္စသမုပ္ပာဒ်စတာ ... (မှန်ပါ့)။ သဘောကျပလား ... (မှန်ပါ့)။ အဲဒီစတာလေးကို ကျုပ်တို့က ဒီကနေပြီး သူဟာ

အနိစ္စပဲလို့ ရှုလိုက်။ ဟောဒီ အနိစ္စပေါ်ကရှု ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါတယ်)။ ဘယ်ကနေရှုနေလဲ ... (အနိစ္စပေါ်ကနေရှုရပါမယ်ဘုရား)။

အနိစ္စပေါ်ကနေရှုလိုက်တော့ အနိစ္စဟာ အနိစ္စပေါ်မှာပေါ်တာမဂ်ပါပဲ။ မဂ်သည် ဒီအဆက်ကိုဖြတ်တယ်။ ဝေဒနာနဲ့ တဏှာမစပ်အောင် ဖြတ်ချလိုက်တယ် ... (မှန်ပါ့)။ မဖြတ်ဘူးလား ... (ဖြတ်ပါတယ်)။

သူက ဖြစ်ပျက်ဆိုလို့ရှိရင် သူက မဂ်...(မှန်ပါ့)။ လုပ်ဖြစ်အောင်လုပ်ပါ ... (မှန်ပါ့)။ ဒီဟာက ဖြစ်ပျက်ဆိုရင် ... (ဒီမှာမဂ်ပါဘုရား)။

ဒီကနေ ဘာလိုက်ရမလဲ ... (မဂ်လိုက်ရမယ်)။ မဂ်လိုက်တော့ ဒီဘက်က သမုဒယသစ္စာဆိုတာ လာသေးရဲ့လား ... (မလာပါဘုရား)။ ဒီဘက်က ဒုက္ခသစ္စာဆိုတာကော ... (မလာပါ)။

ဒါဖြင့် ပါဠိတော်ရွတ်လိုက် တဏှာနိရောဓော ... (နိဗ္ဗာန်) ဒုက္ခနိရောဓော ... (နိဗ္ဗာန်ပါ) ကဲ ... ဝေးသေးသလား ... (မဝေးပါဘုရား)။ မောင်ဘအေး မလွယ်ဘူးလား ... (လွယ်ပါတယ်ဘုရား)။

ကဲ ... ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီမှာ ခင်ဗျားတို့ပြောသံကြားနဲ့ ဟောနေတာလား။ ခင်ဗျားတို့ သန္တာန်ဖြစ်တာကို ဖြတ်သန်းပေးနေတာလား ... (ဖြစ်တာကို ဖြတ်ပေးနေတာပါ ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရမှ ရပ့်မလားဆိုတဲ့ သံသယဘယ်တော့မှ မရှိနဲ့။ ဒီနေရာမှာ မင်္ဂပေါ်အောင် လုပ်ရမယ်။ ခင်ဗျားတို့ လုပ်ဖို့တော့ ဒီနည်းဆရာဘုန်းကြီးက ပေးလိုက်ပါတယ်။

မြင်စိတ်ပေါ်လည်း ဒီနေရာက နေပြီးသကာလဖြစ်ပျက်ရှုပါ။ ဒီနေရာကရှု ... (မှန်ပါ့)။ သဘောကျပလား ... (မှန်ပါ့)။ ဒီနေရာဆို တော့ ဟဒယဝတ္ထုကိုဆိုပါတယ် ... (မှန်ပါ့)။ ဒီနေရာဆိုတာ ဘာပါလိမ့် ... (ဟဒယဝတ္ထုကိုဆိုပါတယ်)။

## မဂ်ဟာသံသရာအဆက်အစပ်တွေကိုဖြတ်တယ်

ဒါဖြင့် ဒီကဖြစ်ပျက်၊ ဒီက မင်္ဂသွားဖြစ်တယ် ... (မှန်ပါ့)၊ ဒီကဖြစ်ပျက်၊ ဒီက ဘာတုန်း ...(မင်္ဂပါဘုရား)။ မဂ်ဟာ သံသရာ အဆက်အစပ်တွေကို ဖြတ်တယ်လို့ ခင်ဗျားတို့ စာထဲမှာလည်း ပါလိမ့်မယ် ... (မှန်ပါ့)။

သံသရာ အဆက်အစပ်တွေကို ဖြတ်ပါတယ်။ ဒီသံသရာနဲ့ ဒီသံသရာ ကူးသေးရဲ့လား ... (မကူးပါဘုရား)။ သံသရာအဆက်ကို ဖြတ်ချတယ်၊ မဖြတ်ဘူးလား ဒကာ၊ ဒကာမတို့ ... (ဖြတ်ပါတယ် ဘုရား)။ ဘာဖြတ်ပါလိမ့် ... (သံသရာအဆက်ကိုဖြတ်ပါတယ်)။

ကောင်းပြီ။ ပစ္စုပ္ပန်သံသရာနဲ့၊ ပစ္စုပ္ပန်အကျိုးနဲ့၊ ပစ္စုပ္ပန် အကြောင်းကို ဖြတ်ချတယ် ... (မှန်ပါ့)။ ဒါက ပစ္စုပ္ပန်အကျိုးလို့ မပါဘူးလား ... (ပါ, ပါတယ်ဘုရား)။

အတိတ်အကြောင်းနဲ့စပ်တော့ သူက ပစ္စုပ္ပန်အကျိုး မဖြစ်ဘူးလား ... (ဖြစ်ပါတယ်ဘုရား)။ အဲဒီအကျိုးနဲ့ နောက်ပေါ်မယ့် အကြောင်းနဲ့ ဖြတ်ချလိုက်တယ် ... (မှန်ပါ့)။ ပေါ်ကြပလား ... (ပေါ်ပါပြီ)။

ပစ္စုပ္ပန်အကျိုးနဲ့ နောက်ပေါ်မယ့် ... (အကြောင်းနဲ့ ဖြတ်ပါတယ်) အကြောင်းကို မဂ်က မဖြတ်ဘူးလား ... (ဖြတ်ပါတယ်ဘုရား။ ဖြတ်တော့ကို တဏှာနိရောဓော ဖြစ်, မဖြစ် ... (ဖြစ်ပါတယ်ဘုရား)။ တဏှာနိရောဓောကို ဘာခေါ်ကြမယ် ... (နိဗ္ဗာန်လို့ ခေါ်ပါတယ်) ဒုက္ခနိရောဓောကို ... (နိဗ္ဗာန်လို့ ခေါ်ပါတယ်)။

ဒါဖြင့် နိဗ္ဗာန်ဟာ ဒကာ၊ ဒကာမတို့ ဒီဟာကလေး တစ်ချက်သွင်းရုံပဲ ... (မှန်ပါ့)။ မဂ်တစ်ချက်သွင်းရုံပဲ ... (မှန်ပါ့)။ အေး ... ဒကာ၊ ဒကာမတွေ ဘာလုပ်ရမလဲ ... (မဂ်တစ်ချက်သွင်းရုံပါပဲ)။ မဂ်တစ်ချက်သွင်းလိုက်ရင် ရတာပဲ ... (မှန်ပါ့)။

ဆုတောင်းနေတာလား၊ မဂ်သွင်းဖို့ အရေးကြီးတာလား ... (မဂ်သွင်းဖို့ အရေးကြီးပါတယ် ဘုရား)။

အဲဒါ ဘယ်တော့မှ တောင်းမနေနဲ့။ . နိဗ္ဗာန်ရချင်လို့ တောင်းတာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် လူသိရုံပဲရှိမယ် ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါတယ်)။

ရနိုင်ပါ့မလား ... (မရနိုင်ပါ)။ သူ့အဆက်မှ မပြတ်နဲ့ ဆိုရင် ဝေဒနာပစ္စယာတဏှာဆက်မှာပဲ ... (မှန်ပါ့)။ သူ့အဆက် ပြတ်တဲ့ မဂ်လာလို့ရှိရင် စိတ်သည်ဖြစ်ပျက်၊ ဖဿသည် ဖြစ်ပျက်၊ ဝေဒနာသည် ဖြစ်ပျက်၊ အဲသည်ဖြစ်ပျက်ကို သိတာက မဂ်ကိုး ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါတယ်)။

ဒါဖြင့် ဖြစ်ပျက် မဂ်၊ ဖြစ်ပျက် မဂ်၊ ဖြစ်ပျက် မဂ်ဆိုတော့ ဒီဘက်သံသရာကြီး စပ်သေးရဲ့လား ... (မစပ်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ရထားတာ ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် မပြတ်လည်ရာ သံသရာလို့ မဟောကြဘူးလား... (ဟောပါတယ်)။ ဒီလိုလည်သွားတာ ဝေဒနာက တဏှာဆက်ရင် သံသရာကွ၊ သဘောကျပလား ... (ကျပါတယ်)။ တဏှာက ဥပါဒါန်ဆက်ရင် ... (သံသရာပါ)။ ဥပါဒါန်က ကမ္မဘဝဆက်ရင် ... (သံသရာပါဘုရား)။ ကဲ ... ကမ္မဘဝက အနာဂတ်ဇာတိ ဆက်လိုက်ရင် ... (သံသရာပါဘုရား)။

ဩော် ... သံသရာရှည်လိုက်တာဆိုတာ ခန္ဓာရှည်တာ မဟုတ်ပါဘူး။ အတွင်းမှာ ဓမ္မရှည်နေတာဆိုတာ ... (မှန်လှပါ ဘုရား)။ သဘောပါကြပလား ... (ပါ, ပါတယ်)(လူထည်၊ နတ်ထည် ရှည်တာဆိုတာလား ... (ဓမ္မရှည်တာဆိုတာပါ ဘုရား။) ဒါဖြင့် ဓမ္မမပြတ်တဲ့ပုဂ္ဂိုလ်ကိုဆိုတာ ... (မှန်ပါ့)။ ပေါ်ကြ ပလား...(ပေါ်ပါပြီ)။

မေ့ဖြတ်တဲ့ပုဂ္ဂိုလ်ဖြစ်ရင်...(မရှည်တော့ပါ)။ မရှည်ဘူးဆိုတာ သဘောကျပလား ... (ကျပါတယ်)။ သဘောပါကြရဲ့လား နောက်က ဒကာ၊ ဒကာမတွေ (ပါ, ပါတယ်ဘုရား)။

ကောင်းပြီ။ ဒါဖြင့် ဒကာ၊ ဒကာမတို့ကိုတဲ့ ဟော ဒါ နံပါတ် ဘယ်လောက်ပါလိမ့် ... (နံပါတ် ၂ ပါဘုရား)။ နံပါတ် ၂ က ၃ မကူးစေနဲ့)။ မကူးအောင် ဘယ့်နှယ်လုပ်မတုန်းဆိုတဲ့ မေးခွန်း ဟာ ထွက်လာတယ် ... (မှန်ပါ့)။ မထွက်ဘူးလား ဦးသန်းမောင် (ထွက်ပါတယ်ဘုရား)။

ဒါဖြင့် ဟောဒီစိတ်ကလေးပေါ်တိုင်း ပေါ်တိုင်း ဒီကနေပြီး သကာလ မဂ်ပေါ်အောင်လုပ်ပါ။ မဂ်ဆိုတာ တစ်ခြားမဟုတ်ပါဘူး။ ဖြစ်ပျက်ကိုသိတာ ဖြစ်ပျက်က ဒုက္ခသစ္စာ... (မှန်ပါ့)။ ဖြစ်ပျက်က (ဒုက္ခသစ္စာပါဘုရား)။ ဒီကြည့် ... (ဒုက္ခသစ္စာ)

ဟော ... ဒီထဲမှာ ပေါ်ပြီးပျက်တဲ့ မေ့ဟူသရွေ့ဘာတုန်း... (ဒုက္ခသစ္စာပါဘုရား) ဒီကပြောနေတယ် ... (မှန်ပါ့)ဟုတ်လား။ အဲဒါ သိလိုက်တာက ဘာဆိုကြမလဲ ... (မဂ္ဂပါဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာဆိုတော့ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ မြင်အောင်ကြည့်လို့ရှိရင် သမုဒယသစ္စာဆုံးတယ် ... (မှန်ပါ့)။ ကဲ မရှင်းကြသေးဘူးလား ... (ရှင်းပါပြီ)။

ဒီဒုက္ခသစ္စာကို ဒီကနေပြီး မဂ္ဂသစ္စာနဲ့မြင်အောင် ကြည့်လို့ ရှိရင် စကျွဲဥဒပါဒ်ဖြစ်တယ် ... (မှန်လှပါ)။ သဘောကျပလား

... (ကျပါတယ်၊ စက္ခုံဥဒပါဒိပါဘုရား)။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ဒုက္ခသစ္စာကို သိမြင်ခြင်းဖြစ်၏(ဝါ)ဒုက္ခသစ္စာပေါ်လာတာကို မြင်၏... (မှန်လှပါ)။

ဒီလိုဆိုတော့ ဒကာ၊ ဒကာမတွေ ဒုက္ခသစ္စာဆိုတာ ခါး ကိုက်၊ လည်နာ၊ ရင်ကျပ်မှ မဟုတ်ပါဘူး။ ခင်ဗျားတို့ သန္တာန်ပေါ်တဲ့ စိတ်ဟူသရွေ့ ဒုက္ခသစ္စာ ... (မှန်ပါ့)။ ပေါ်တဲ့ဝေဒနာဟူသရွေ့ ... (ဒုက္ခသစ္စာပါ)။

ဒီကြည့်လေ။ ဒီတစ်ပိုင်းလုံးကို ပါတာတွေ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ ဒါဖြင့် သစ္စာသိသွားပြီ ... (မှန်ပါ့)။ ဒီ ဒကာ၊ ဒကာမတွေ ခုတရားနာရတာ နာရီသုံးမတ်ရှိသွားပြီ ဘာသိ သွားတုန်း ... (သစ္စာသိသွားပါတယ်ဘုရား)။ သစ္စာသိတယ်။ သိတာက ဒီကြားဝင်ရတယ် ... (မှန်ပါ့)။ သစ္စာက ဒါတွေ ... (မှန်ပေါ့)။ သိတာက ဘာလဲ ... (မဂ်ပါ)မဂ်၊ မဂ်က မဖြတ်ဘူး လား ... (ဖြတ်ပါတယ် ဘုရား)။

ဒါဖြင့် သစ္စာသိမှ ဟောဒီသံသရာတွေပြတ်တယ် ... (မှန်ပါ့)။ ပေါ်ပြီဗျ ... (မှန်ပါ့)။ မပေါ်သေးဘူးလား ... (ပေါ်ပါပြီ)။ ဒီသစ္စာကို ဒီကနေပြီး သိပေးစမ်း ... (မှန်ပါ့)။ ဒီသံသရာဘယ်နှယ် နေသလဲ...(ပြတ်သွားပါတယ်)။ ဒီဘက်က သံသရာရော ... (ပြတ်သွားပါတယ်ဘုရား)၊

# သစ္စာမသိဘဲ သံသရာပြတ်တဲ့ပုဂ္ဂိုလ်မရှိ

ဒါဖြင့် ဒကာ၊ ဒကာမတို့ သစ္စာမသိဘဲနဲ့ သံသရာပြတ်တဲ့ ပုဂ္ဂိုလ်ရှိကို မရှိဘူး ... (မရှိပါဘုရား)။ ပေါ်ကြပလား ... (ပေါ်ပါပြီ) သစ္စာမသိဘဲနဲ့ သံသရာပြတ်တဲ့ပုဂ္ဂိုလ် ... (မရှိပါဘုရား)။

ရှိကို မရှိဘူးဆိုတာ ဒကာ၊ ဒကာမတွေ ကျေနပ်ပလား ... (ကျေနပ်ပါတယ်ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့သစ္စာသိမှု အလုပ်ဟာ ဆုတောင်းအလုပ်လား၊ ဆရာသမားတို့ဆီမှာ နည်းယူရမယ့် အလုပ်လား ... (ဆရာသမားတို့ဆီမှာ နည်းယူရမယ့် အလုပ်ပါဘုရား)။

ဒါဖြင့် နည်းပေးတဲ့ ဆရာနဲ့တွေ့တော့ ငါတို့ဖြင့် သေပျော်ပြီဟေ့ ... (မှန်ပါ့)။ သိပြီးသေတာ ... (မှန်ပါ့)။ အရင်တုန်းက မသိလို့၊ မသိတာက အဝိဇ္ဇာ။

သိတာက ဒီနေရာ၊ မင်္ဂဆိုတာ ဝိဇ္ဇာ ... (မှန်ပါ့)။ ဒီတုန်းက ကန်းခဲ့တယ်။ ဒီမှာ ဆရာကောင်း၊ သမားကောင်းနဲ့တွေ့တဲ့ အခါ ဝိဇ္ဇာမင်္ဂသွားဖြစ်တယ်။ ဒီဘဝမှာ အမြင်ရတယ် ... (မှန်ပါ့)။ မြင်တဲ့ပုဂ္ဂိုလ်လမ်းသွားရင် မှားပါ့ဦးမလား ... (မမှားပါဘုရား)။

အရင်တုန်းက မမြင်တဲ့ပုဂ္ဂိုလ်လမ်းသွားလို့ ဒီမှာကြည့်စမ်း။ လဲတယ် ... (မှန်ပါ့)။ လဲလို့ အနာရတယ်။ အနာရလို့ ငန်းမန်း တွေကြွတယ် ... (မှန်ပါ့)။

ငန်းမန်းတွေကြွနေတုန်း ဖဿဆိုတဲ့ဆူးက ထိုးတယ်... (မှန်ပါ့)။ ထိုးတော့ အနာတွေက ပြည်တွေ ဘာတွေ ကြွလာပြီး ဝေဒနာမျိုးစုံပေါ်လာတယ် ... (မှန်ပါ့)။

ကဲ ... ဒါကြောင့် သူ့ကို ဒီငါးခု ဘာသစ္စာဆိုကြမလဲ ... (ဒုက္ခသစ္စာပါဘုရား)။ ရှင်းကြပလား ... (ရှင်းပါပြီ)။ ဒုက္ခ သစ္စာမှတစ်ပါး အခြားသစ္စာပါသေးရဲ့လား ... (မပါ, ပါဘုရား)။

အဲဒီတော့ ဒါအခု ခင်ဗျားတို့ တရားနာနေတဲ့ ပုဂ္ဂိုလ်၏ ခန္ဓာငါးပါး၊ ခင်ဗျားတို့ လူပ်လဲ ဒုက္ခသစ္စာပဲ။ ငြိမ်လည်း ဒုက္ခသစ္စာ ပဲ ... (မှန်လှပါ)။

ပူလည်း ... (ဒုက္ခသစ္စာပါ)။ စားချင်လည်း ... (ဒုက္ခသစ္စာ ပါ)။ အိပ်ချင်လည်း ... (ဒုက္ခသစ္စာပါ)။

ဩော် ... အဲဒါကလေးတွေ သိတော့ ဒါကလေးတွေ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်ကို မြင်အောင် ကြည့်လိုက် တော့ ဖြစ်ပျက်က ဘာသစ္စာ ... (ဒုက္ခသစ္စာပါဘုရား)။ သိတာက ... (မဂ္ဂသစ္စာပါဘုရား)။ မဂ္ဂသစ္စာဟာ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား ... (ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ဝိဇ္ဇာဥဒပါဒ်ဟာ ဒီဖြစ်ပျက်မြင်မှ ဝိဇ္ဇာဥဒပါဒ်ဖြစ်မှာ ... (မှန်လှပါဘုရား)။

သဘောပါလား ... (ပါ,ပါပြီဘုရား)။ ဖြစ်ပျက်မြင်မှ ... (ဝိဇ္ဇာဥဒပါဒ်ဖြစ်တယ်)။ ဝိဇ္ဇာဥဒပါဒ်လည်း ဖြစ်ပါရော ဩော် ...တဲ့။

ဒကာ၊ ဒကာမတို့ ဒီဘက်က သမုဒယသစ္စာ နောက်ထပ်လာသေး သလား ... (မလာပါဘုရား)။ ဒီဘက်က ဒုက္ခသစ္စာ...(မလာပါ)။ နောက်ထပ် မလာတော့ဘူး...(မှန်ပါ့)။

မလာတော့ "တဏှာသိမ်းနိဗ္ဗာန်၊ ဒုက္ခသိမ်းနိဗ္ဗာန်"ဆို တာ ညူများ အပြောလား ခင်ဗျားတို့ အမြင်လား အကဲခတ်စမ်းပါ ... (အမြင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဒကာ၊ ဒကာမတို့ ဖြတ်တတ်သော ပုဂ္ဂိုလ်၏အလုပ်... (မှန်ပါ့ဘုရား)။ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်...(သစ္စာ ကို သိသော ပုဂ္ဂိုလ်၏အလုပ်)။

ခင်ဗျားတို့ သန္တာန်မှာပေါ်တဲ့ စိတ်ကလေးတွေက ဘာပါ လိမ့်။ ဒီ...ကြည့်။ ဒီ...ကြည့် ... (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာ၊ သိတာက ... (မဂ္ဂသစ္စာပါဘုရား)။ ဒါဖြင့် ဒီဘက်သံသရာလာသေးရဲ့ လား...(မလာပါဘုရား)။ ဒီဘက် သံသရာမလာတာက သမုဒယချုပ် တာ ... (မှန်လှပါ)။

ဒီသမုဒယသစ္စာသုံးခု အကုန်ချုပ်သွားတယ် ... (မှန်ပါ့)။ ဒီဘက်က ဇာတိ၊ ဇရာ၊ မရဏနဲ့တကွ ချုပ်သွားတာက ဘာတွေပါ လိမ့် ... (ဒုက္ခသစ္စာဖြစ်ပါတယ်)။

ဒါဖြင့် သမုဒယသစ္စာနဲ့ ဒုက္ခချုပ်တာသည် ဒကာ၊ ဒကာမ တို့ ဒီမဂ္ဂသစ္စာအမြင်မှန်ရလို့ ချုပ်တာ ... (မှန်ပါ့)။ နို့မို့ရင် ချုပ်ပါ့မလား ... (မချုပ်ပါဘုရား)။ ဒါဖြင့် ဒီအတွင်းမှာ ပေါ်တာတွေ ဟာ ခင်ဗျားတို့ သတိပဋ္ဌာန်ချည်းမှတ်။

ဒါက သတိပဋ္ဌာနမဂ်ချည်းမှတ်ပါ ... (မှန်ပါ့)။ ရှင်းပလား ... (ရှင်းပါပြီ)။ ဒီမှာပေါ်လာတာတွေက ဘာတွေပါလိမ့် ... (သတိပဋ္ဌာန်ပါဘုရား)။ ဒီက ရှုနိုင်တာက ... (သတိပဋ္ဌာနမဂ်ပါဘုရား)။ သတိပဋ္ဌာနမဂ်၊ သဘောကျပလား ... (မှန်ပါ့)။ ဘာမဂ်တဲ့ဗျာ ... (သတိပဋ္ဌာနမဂ်ပါဘုရား)။

သတိပဋ္ဌာနမဂ်တဲ့။ ဒကာ၊ ဒကာမတို့ သူရင့်သွားရင် လောကုတ္တရာမဂ် ... (မှန်ပါ့ဘုရား)။ မလာပေဘူးလား ... (လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ နဂိုကပြောထားတဲ့ စကားနဲ့ ပြန်ပြီးသကာလ နိဂုံးချုပ်ကြစို့ နာရီက နည်းတယ်။

သစ္စညာဏ်၊ ကိစ္စညာဏ်၊ ကတညာဏ်ဟောမယ်။ ဒီနေ့ည ဘာဟောမှာပါလိမ့် ... (သစ္စညာဏ်၊ ကိစ္စညာဏ်၊ ကတညာဏ်ပါ) ရှင်းပြီနော် ... (မှန်ပါ့)။ ဘာညာဏ်ဟောမှာပါလိမ့် ... (သစ္စညာဏ်၊ ကိစ္စညာဏ်၊ ကတညာဏ်ဟောမှာပါ)။ တော်တော် အရေးကြီးတဲ့ စကားနော်။ ဒကာ၊ ဒကာမတို့ လွယ်ကူတဲ့စကားလို့ မအောက်မေ့လိုက်ပါနဲ့။ လွယ်တဲ့စကားလို့ ဒကာ၊ ဒကာမတို့ မအောက်မေ့ပါနဲ့ ... (မှန်ပါ့)။

လွယ်ကူတဲ့စကားလို့ ... (မအောက်မေ့ပါနဲ့)။ နောက်က ဒကာ၊ ဒကာမတွေ မအောက်မေ့နဲ့နော် ... (မှန်ပါ့၊ မအောက်မေ့ပါ

ဘုရား)။ သေသေချာချာနားထောင်ပါ။ ဒါတွေဟာ ဘာသစ္စာတွေလဲ ... (ဒုက္ခသစ္စာပါဘုရား)။

ဒီကနေပြီးသကာလ သိလိုက်တာသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် ဉာဏ်မှသိမယ်။ ဝိဇ္ဇာဉာဏ်မှသိမယ် ... (မှန်လှပါဘုရား)။ မသိဘူး လား ... (သိပါတယ်ဘုရား)။ ဒါဖြင့် ဒီစိတ်ကလေးတွေ ပေါ်လာတာ ကို ပေါ်တိုင်း။ ပေါ်တိုင်းလည်း ဖြစ်ပြီးပျက်တာပဲလို့ သိလိုက်တော့ ဘာသစ္စာတုန်း။ ဒါက ... (ဒုက္ခသစ္စာ)သိတာက ... (မဂ္ဂသစ္စာပါ ဘုရား)။

မဂ္ဂသစ္စာဟာ ဉာဏ်ပဲမဟုတ်လား...(ဉာဏ်ပါဘုရား)။ ဒါဖြင့် သစ္စဉာဏ် ... (မှန်ပါ့)။ သစ္စဉာဏ်ပေါ်လာပြီ၊ မပေါ်သေးဘူး လား...(ပေါ်ပါပြီ)။ သစ္စဉာဏ်ပေါ်လာပြီ ... (ပေါ်ပါပြီဘုရား)။

## သစ္စဉာဏ်

ဒီအတွင်းမှာ ခင်ဗျားတို့ ဘာပဲပေါ်ပေါ် မြင်စိတ်ပေါ်ပေါ်၊ ကြားစိတ်ပေါ်ပေါ် ဘာသစ္စာပေါ်တုန်း ... (ဒုက္ခသစ္စာပေါ်ပါတယ်)။ ပေါ်တိုင်း၊ ပေါ်တိုင်း ခင်ဗျားတို့က ဒုက္ခသစ္စာလို့ သိပေးတာက ဉာဏ် ... (ဉာဏ်ပါ)။ ဒါဖြင့် သစ္စ ... (ဉာဏ်) ကလေးတွေ မအိ စာရေးနေတာ ခင်ဗျားတို့ "မ" နဲ့ "အိ"နဲ့ ပေါင်းတော့ ဘယ့်နှယ် ... မအိ။

ဒီမှာလည်း သစ္စနဲ့ ဉာဏ်နဲ့ပေါင်းတော့ ... (သစ္စဉာဏ် ပါဘုရား)။ ဩော် ... ခင်ဗျားတို့အရွယ်ကြီးမှပဲ အပေါင်း။ အနှုတ်

သင်နေရတယ်။ ရိုပ်မိပလား ... (ရိပ်မိပါပြီဘုရား)။ မသင်ရင်ဖြစ်ကို မဖြစ်ဘူး ... (မှန်ပါ့ မဖြစ်ပါဘုရား)။ စုံလန်းကန်းမွေးလာတာ ... (မှန်ပါ့)။ ဘယ်လိုမွေးလာတာလဲ ... (စုံလုံးကန်းမွေးလာတာပါဘုရား)။

စုံလုံးကန်းမွေးတဲ့အထဲမှာ ခင်ဗျားတို့က တိမ်သလာက ထူသေးတယ် ... (မှန်ပါ့)။ တိမ်သလာက သားရေး၊ သမီးရေး၊ စီးပွားရေးဆိုတဲ့ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အညစ်အကြေးတွေက မျက်လုံးပေါ်အုပ်နေတယ် ... (မှန်ပါ့)။

မွေးတုန်းက အကန်း၊ နောက် ... မျက်ချေးတွေက ပိတ်နေတယ် ... (မှန်ပါ့ဘုရား)။ ကောင်းသေးရဲ့လား ... (မကောင်းတော့ပါဘုရား)။ အဲဒီလောက် အရုပ်ဆိုးနေတယ်ဆိုတာ ပေါ်ပလား ... (ပေါ်ပါပြီဘုရား)။

ဒါ နာနာပြောတယ်လို့ ဒကာ၊ ဒကာမတွေ မယူပါနဲ့တဲ့။ ခင်ဗျားတို့ ထု,ထူတာက ဘုန်းကြီးပြောတာထက် ထူတယ်... (မှန်ပါ့)မထူဘူးလား ... (ထူပါတယ်ဘုရား)။

ခန္ဓာထဲက ယားတာကလေးကလည်း အင်း ... ဒုက္ခသဟဂုတ်, ကာယဝိညာဏ်စိတ် ဒုက္ခသစ္စာပါကလားလို့ သိရဲ့လား ... (မသိပါဘုရား)။ ယားတာပဲစိတ်ပျက်တယ်။ ယားတာစိတ်ပျက်တော့ ကို ယားတာက ဒကာ၊ ဒကာမတို့ ဒုက္ခဝေဒနာ၊ စိတ်ပျက်တာက ဒေါမနဿဖြစ်တာ၊ ဒီဘက်ပြန်မလှည့်ဘူးလား ... (လှည့်ပါတယ်)။ ကဲ ... ခင်ဗျားတို့ ယားမှာ သိပ်စိုးရိမ်တယ် ... (မှန်ပါ့ဘုရား)။

ယားရင်ဖြင့် သံသရာလည်ချေရဲ့။ သဘောကျပလား ... (ကျပါပြီ)။ ပြီးတော့ ခင်ဗျားတို့ ကောင်းစားမှာလည်း သိပ်စိုးရိမ်တယ် ... (မှန်ပါ့)။ ခင်ဗျားတို့က ဒီခန္ဓာကြီးထဲမှာ ကျန်းမာလို့ သွားလာနေနိုင်တဲ့အခါကျတော့ ပစ္စည်းကရတော့ ဝမ်းမသာဘူးလား ... (သာပါတယ်ဘုရား)။

ဝမ်းသာတော့ ဒီပစ္စည်းက ဘာသစ္စာလဲ ... (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာ၊ ဝမ်းသာတာက တဏှာကိုး ... (မှန်ပါ့)။

ဩော် ... ခင်ဗျားတို့ကလည်း ဒီတဏှာနဲ့ နေရတာပဲ အတော်ပျော်နေတယ် ... (မှန်ပါ့ဘုရား)။

ပစ္စည်းက ဘာသစ္စာ ... (ဒုက္ခသစ္စာပါဘုရား)။ အင်း ... ဝမ်းသာတာက (တဏှာပါဘုရား)။ ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါ)။

ဩော် ... ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာများ ကြုံကြတော့ မယ်ဆိုလို့ရှိရင်ဖြင့် ထီတောင်ထိုးလိုက်သေးတယ်။ ပေါက်မှ ပေါက်ပါ့မလား။ သမုဒယနဲ့ ထိုးလိုက်တယ် ... (မှန်ပါ့)။ မပေါက်ဘူးလား။ ပေါက်တဲ့ ပုဂ္ဂိုလ်ပေါက်တယ်ဆိုကြပါတော့ ... (မှန်ပါ့)။

အဲဒါသည် ဒုက္ခသစ္စာသိလို့ ထိုးတာလား ... တဲ့။ ဒုက္ခသစ္စာရချင်လို့ ထိုးတာလား ... (ဒုက္ခသစ္စာရချင်လို့ ထိုးတာပါဘုရား)။

ဒကာ၊ ဒကာမတို့ ကြိုက်လှပေ့ါ။ ဒုက္ခသစ္စာရချင်လို့ဆိုရင် သိပ်ကြိုက်တယ်။ မာဖီးယားထိုးသလိုဖြစ်နေပြီ။ အယားဖျောက်နိုင်ရင် ကျေနပ်သလိုဖြစ်နေတယ်။ အတော်ဆိုးတဲ့လူတွေဆိုတာ မပေါ်သေးဘူးလား ... (ပေါ်ပါပြီဘုရား)။

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီထဲမှာ ခန္ဓာကိုယ်ထဲမှာပေါ်တဲ့ ယားတာဖြစ်စေ၊ နာတာဖြစ်စေ၊ ကောင်းတာဖြစ်စေ၊ ပေါ်ချင်တာပေါ်၊ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။

အဲဒါကို ပေါ်တိုင်း၊ ပေါ်တိုင်း ဒါဒုက္ခသစ္စာပါလို့ သိတာက ဉာဏ် ... (ဉာဏ်ပါဘုရား)။ ဒါဖြင့် ပေါ်တာက ဘာသစ္စာ... (ဒုက္ခသစ္စာပါဘုရား)။

သိတာက ... (ဉာဏ်ပါဘုရား)။

ပေါင်းလိုက်ရင် ... (သစ္စဉာဏ်ပါ)။

သစ္စဉာဏ် ... (မှန်ပါ့)။

အမယ်လေး ... သစ္စဉာဏ်ကို မနည်းပေါင်းယူရတယ် ... (မှန်ပါ့)။ ဒါဖြင့် ဒီလိုပြလိုက်တဲ့အခါကျမှ ဩော် ... ဒီအတွင်း ဘာပေါ်ပေါ်ကွာ (ဒုက္ခသစ္စာပါ)။ ဒုက္ခသစ္စာပေ့ါဆိုရင် ရှင်းမနေဘူးလား ... (ရှင်းပါတယ်)။

ဒီအတွင်းမှာ မြင်စိတ်ကလေးပေါ်လည်း ... (ဒုက္ခသစ္စာပါ)။

ကြားစိတ်ပေါ်ရော ... (ဒုက္ခသစ္စာပါဘုရား)။

နံစိတ်တွေပေါ် ... (ဒုက္ခသစ္စာပါဘုရား)။

စားစိတ်တွေပေါ်တယ် ... (ဒုက္ခသစ္စာပါဘုရား)။

ယားစိတ် ယံစိတ်ပေါ်တယ် ... (ဒုက္ခသစ္စာပါဘုရား)။

ဟင်း ... သားသမီးခင်တဲ့စိတ် ပေါ်တယ် ... (ဒုက္ခသစ္စာပါဘုရား)။

ဟင်း ... မုန်းတဲ့စိတ်ပေါ်တယ် ... (ဒုက္ခသစ္စာပါ ဘုရား)။ ပေါ်ချင်တာပေါ် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲက ဒုက္ခရှိနေရင် နဂိုရှိလို့ နဂိုထားထွက်တာသာမှတ်။ ဒုက္ခချည်းထွက် ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါပြီ)။

ခန္ဓာကိုယ်ထဲက ဘာတွေများ ထွက်လာမယ်ထင်သတုန်း ... (ဒုက္ခချည်းထွက်တာပါ)။ ဒုက္ခချည်းထွက်တာ၊ ခန္ဓာကိုယ်ထဲက ပေါ်သရွေ့စိတ်ဖြင့် စိတ်မှတ်ရှု၊ ဝေဒနာဖြင့် ... (ဝေဒနာမှတ်ရှု)၊ ပေါ်ချင်တာပေါ် ဘာသစ္စာရှုမလဲ ... (ဒုက္ခသစ္စာရှုရမယ်)။

ဒါဖြင့် သူက ဖြစ်ပြီးပျက်သောကြောင့် ... (ဒုက္ခသစ္စာ) ဖြစ်ပျက်အမှုကို သိသောကြောင့် သူ့ကို ဘာခေါ်ကြမလဲ ... (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဆိုတော့ သစ္စာဖွဲ့လိုက်တော့လည်း ဒါပဲရတယ် ... (မှန်ပါ့)။ ဒါဖြင့် သစ္စဉာဏ်ဆိုရင်ရော ကိုက်ပါရဲ့လား ... (ကိုက်ပါတယ်ဘုရား) ဒကာ၊ ဒကာမတို့ သစ္စဉာဏ်ဆိုတာ သူများပြောတာလား၊ ခင်ဗျားတို့အမြင်လား ... (အမြင်ပါဘုရား)၊ ရှင်းပလား ... (ရှင်းပါပြီ)။

ဒီဘက်ကပေါ်သေးရဲ့လား၊ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါ ဘုရား)။ နောက်ကအမြဲတမ်း လိုက်ပေးနေတာက ... (ဉာဏ်ပါ ဘုရား)၊ ဉာဏ်၊ ပေါင်းလိုက်တော့ ... (သစ္စဉာဏ်ပါ ဘုရား)။

သစ္စဉာဏ်ဆိုတော့ ဩော် ... ဓမ္မစကြာ ခက်လိုက်တာလို့ ခင်ဗျားတို့ မညည်းနဲ့။ ဒီလိုဆရာနဲ့ မတွေ့လို့ ခက်နေတာ ... (မှန်ပါ့ဘုရား)။

ဓမ္မစကြာသွားကြည့်တော့ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတ ဉာဏ်၊ အတော်ခက်ပါလားဟော့။ တို့ ဒီဉစ္စာသိဖို့ မလွယ်ဘူးဟော့။ အပြီးသတ်တော့ ဘယ်ဟုတ်မလဲဗျ။ ဒီပဋိစ္စသမုပ္ပါဒ်တစ်ခုလုံး ဒုက္ခ သစ္စာပါ ... (မှန်ပါ့ဘုရား)။

ပဋိသစ္စသမုပ္ပါဒ်ဖြစ်ပေါ်တာသိတာက ... (မဂ္ဂသစ္စာ) မဂ္ဂ သစ္စာဉာဏ်မရဘူးလား ... (ရပါတယ်ဘုရား)။

ဒါဖြင့် ပေါ်တာက ဘာသစ္စာ ... (ဒုက္ခသစ္စာ)။ ကြည့်... ဒီထဲက ဘာပေါ်ပေါ် ခင်ဗျားတို့ ဒါပေါ်လည်း ဒုက္ခသစ္စာ ... (မှန်ပါ့)။

နာမ်ရုပ်ပေါ်ရော ... (ဒုက္ခသစ္စာပါ)။

သဠာယတနပေါ်ရင် ... (ဒုက္ခသစ္စာပါ)။

ဖဿပေါ်ရင် ... (ဒုက္ခသစ္စာပါ)။

ဝေဒနာပေါ်ရင် ... (ဒုက္ခသစ္စာပါ)။

အဲဒါပေါ်တိုင်း၊ ပေါ်တိုင်း သိတဲ့ဉာဏ်သည် ဒီသစ္စာသိ တဲ့ ဉာဏ်၊ မရှင်းသေးဘူးလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာနဲ့ဉာဏ်နဲ့ပေါင်းတော့ ဘယ့်နှယ်ဆိုကြမလဲ ... (သစ္စာဉာဏ်ပါဘုရား)။ ဒီနေ့ည အပေါင်းတော့ နေရာကျ သွားပြီ။ အတော်နေရာကျသွားပြီ။ ဒကာ၊ ဒကာမတို့ သစ္စဉာဏ်၊ ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

# ကိစ္စဉာဏ်

ကိစ္စဉာဏ်ကလေး နည်းနည်းပြောကြည့်မယ်။ ဆုံးတော့ ဆုံးမှာမဟုတ်ဘူး။ နာရီက တစ်မိနစ်လောက် လိုတော့တယ် ... (မှန်ပါ့ဘုရား)။ နာရီလည်း ပိုမဟောဘူးဗျ။ ခန္ဓာက ကျန်းမာရေး လည်း ကြည့်ရသေးတယ်။

အေး ... စိတ်ကလေး၊ မင်းမှာ ဘာကိစ္စရှိသလဲလို့ ခင်ဗျား တို့က မေးပါ။ လောဘစိတ်ကလေး မင်းမှာ ဘာကိစ္စရှိသတုန်း၊ ကျုပ်သည် ပေါ်ပြီးပျောက်တဲ့ ကိစ္စရှိတယ် ... (မှန်ပါ့)။

ဒေါသစိတ်ကလေး မင်းမှာ ဘာကိစ္စရှိသတုန်း မေးလို့ရှိရင် ... (ပေါ်ပြီးပျောက်တဲ့ကိစ္စရှိပါတယ်) ဘာဖြစ်လို့တုန်း၊ ကျုပ်က အနိစ္စမျိုးဗျတဲ့ ... (မှန်ပါ့ဘုရား)။ ပေါ်ပြီးပျောက်ရမှာချည်းပဲတဲ့။ ကျုပ်ကိစ္စက ဒါပဲတဲ့ ... (မှန်ပါ့)။ ရိပ်မိပလား ... (ရိပ်မိပါတယ်)။ သူ့ကိစ္စက ဘာပါလိမ့် ... (ပေါ်ပြီးပျောက်ရမှာပါ ဘုရား)။

ဒါဖြင့် ဖြစ်ပြီးပျက်တဲ့ကိစ္စဟာ သူ့ကိစ္စ ... (မှန်ပါ့ဘုရား)။ အဲဒီကိစ္စက ဖြစ်ပျက်၊ ဖြစ်ပြီးပျက်သွားတဲ့ကိစ္စကို၊ ဟော ဒါရုပ်နာမ်

တို့၏ ကိစ္စလို့ ခင်ဗျားတို့မှတ်လိုက်၊ သဘောကျပလား ... (ကျပါတယ်)။ ရုပ်နာမ်တို့၏ ... (ကိစ္စပါဘုရား)။ ရုပ်နာမ်တို့၏ ကိစ္စဟာ ပေါ်ပြီး ပျောက်တာချည်းပဲ ... (မှန်ပါ)။ ရှင်းပလား ... (မှန်ပါ)။

အဲဒီကိစ္စကို ဒီကနေပြီး သူ့ကိစ္စပေါ်တိုင်း၊ ပေါ်တိုင်း ဒီက သိသိပေး ... (မှန်ပါ့ဘုရား)။ သဘောကျပပလား ... (ကျပါပြီဘုရား)။

ဒါဖြင့် သူ့ကိစ္စကို သိတဲ့ဉာဏ် ... (မှန်ပါ)။ ဘယ့်နှယ် ဆိုကြမလဲ ... (သူ့ကိစ္စကိုသိတဲ့ဉာဏ်) ကိစ္စဉာဏ် ရှင်းကြပလား ... (မှန်ပါ)။ ကိစ္စ ... (ဉာဏ်)၊ အဲဒီတော့ ကိစ္စဉာဏ်မှာတော့ မနက်ဖြန်မှ သေသေချာချာ ကျကျနနရှင်းမယ် ... (မှန်ပါ)။ ကိစ္စဉာဏ်ကတော့ နည်းနည်းကျယ်သကိုးဗျ ... (မှန်ပါ)။

ဒီနေ့တော့ နာရီကစေ့တော့မယ်။ ဘုန်းကြီးတို့လည်း ကျန်းမာရေးကြည့်ပြီး ဒီနေ့တော့ ပြန်ကြပေဦးတော့ ... (မှန်ပါ့ဘုရား)။

**သာဓု ... သာဓု ... သာဓု။**